# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်၊ စနေနေ့၊ (6-12-2014) (၈၀၄၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီ ဗိုင်နာမို နီနစ်တို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒားစတက်ပ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# အမျိုးသမီးများ၏ တစ်တပ်တစ်အားပါဝင်မှုအင်အားဖြင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲရေး ပိုမိုမြန်ဆန်ထိရောက်စေမည်

နေပြည်တော် ဒီဇင်ဘာ ၅

**ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။**

ဖွင့်ပွဲ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ်အမျိုးသမီးဖိုရမ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၄၉ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပါကြောင်း။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပါဝင်သည့် အခြေခံအချက်ကြီး(၅)ချက်အနက် အမှတ်စဉ်(၂)၌ "လူတိုင်း ကျား၊ မ မဟူ နိုင်ငံကြီးငယ်မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူ အခွင့်အရေးရှိသည်ကို အလေးအနက်ဂရုပြုရန်" ဟူသည့် အချက်ပါဝင်ပါကြောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်(၈)ရပ်အနက် တတိယအချက်၌ "ကျား၊ မ တန်းတူရည်တူရှိရေး" ဟူသည့် အချက်ပါဝင်နေခြင်းသည် အမျိုးသမီးများ၏ အခွင့်အရေးကို အပြည့်အဝရရှိစေရန် ဆောင်ရွက်သည့်အချက်ဆိုသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် ဦးစားပေးဆောင်ရွက်ရမည့် ဧရိယာများ အဆိုပြုတင်ပြခဲ့သည့် အချက်များထဲတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်းလုပ်ငန်းစဉ်ပါဝင်ပါကြောင်း၊ မြန်မာအမျိုးသမီးများသည် အာဆီယံ၏ မဏ္ဍိုင်(၃)ရပ်ဖြစ်သော အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းတွင် ယခုထက်ပိုမိုအရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်လာစေရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် နေပြည်တော်ကြေညာချက်(၂၀၁၃)တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

**မြန်မာအမျိုးသမီးများအနေဖြင့် မည်သည့်အကြောင်းအရင်းများ၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့်မျှ မိမိ၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကို မဆုံးရှုံးစေရန် အတွက် မိမိတို့အစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်သွားမည်။**

မြန်မာ့ရာဇဝင်သမိုင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် အလွန်ထင်ရှားခဲ့သည့် အမျိုးသမီးခေါင်းဆောင်များ၊ စာဆိုအကျော်အမော်များ၊ အနုပညာရှင်များ ပေါ်ထွန်းခဲ့သည်ကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့ကြသည့် အမျိုးသမီးခေါင်းဆောင်များအပြင် ခေတ်ကိုဦးဆောင်နိုင်သည့် အမျိုးသမီးခေါင်းဆောင်များ ရှိခဲ့သည်ကိုလည်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**






**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

လွိုင်လင်
၄ ဒီဂရီစင်တီဂရိတ်

ဟားခါး
၄ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၆ ဒီဂရီစင်တီဂရိတ်


ယနေ့ **မာတိကာ**

**စူပါတိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင်သို့ ဝင်ရောက်ဖွယ်ရှိ** စာမျက်နှာ » ၄

**ပြင်သစ်-မြန်မာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုး** စာမျက်နှာ » ၇

**ပထမဆုံးရုပ်ရှင်အကယ်ဒမီဆုရ မာလာရီရုပ်ရှင်ဇာတ်ကား** စာမျက်နှာ » ၁၂





**ကြေးမုံစာတည်းရှုထောင့်** **၆-၁၂-၂၀၁၄၊ စနေနေ့**

# ရာသီပေါ်ကူးစက်ရောဂါ သတိပြုပါ

"အာရောဂျ ပရမံ လာဘံ-ကျန်းမာခြင်းသည်လာဘ်တစ်ပါး"ဟု ရှင်တော်ဗုဒ္ဓက အထပ်ထပ်အခါခါ မိန့်ကြားထားခဲ့ပါသည်။ လူတစ်ယောက်အတွက် ကျန်းမာခြင်းဟူသည် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါမှ ပြီးပြည့်စုံသော လာဘ်ကြီးတစ်ပါးဖြစ်လာပါမည်။ တစ်ပါးပါးမှာ မပြည့်မစုံချို့ယွင်းပါက ဆားမပါသောဟင်းပမာ ပေါ့ပျက်ပျက်နှင့် ဟင်းအရသာ ပျက်သွားသကဲ့သို့ပင် အကြင်လူပုဂ္ဂိုလ်တစ်ဦးတွင်လည်း ကိုယ်ကျန်းမာပြီး စိတ်ဓာတ်ကြံ့ခိုင်မှု ချို့ယွင်းပါလျှင်၊ စိတ်ဓာတ်ကျန်းမာကြံ့ခိုင်သလောက် ရုပ်ခန္ဓာသည် စိတ်သွားတိုင်းကိုယ်မပါ ချည့်နဲ့နေပါလျှင် လိုရာခရီးသို့ ပေါက်ရောက်ပေါက်မြောက်နိုင်မည်မဟုတ်ပါ။ ထို့အတူ ကိုယ်ကျန်းမာကြံ့ခိုင်ပြီး စိတ်စွမ်းရည်နိမ့်ပါက အကြင်သူဘဝမှာ ကြမ်းတမ်းနေပါလိမ့်မည်။

ထို့ကြောင့် ကိုယ်ရောစိတ်ပါကျန်းမာဖို့ မိမိကိုယ်ကို တည်ဆောက်ရမည့်သူမှာ မိမိကိုယ်တိုင်သာလျှင်ဖြစ်ပါသည်။ ကိုယ်ကျန်းမာဖို့အတွက် ကံ၊ ဥတု၊ အာဟာရမျှတအောင် ကျင့်ကြံနေထိုင်တတ်ဖို့လိုသည်။ "ဥစ္စာကံစောင့်၊ အသက်ကို ဉာဏ်စောင့်" ဆိုသလို ထိုထိုသောပြုလုပ်သည့် ကံ၊ စားသုံးသည့် အာဟာရဟူသမျှ ဉာဏ်လျှင်ရှေ့သွားရှိနိုင်ဖို့ အထူးလိုအပ်ပါသည်။ မိမိကိုယ်ခံအားနှင့် လျော်ညီစွာ ဥတုသပ္ပါယမျှညီသောနေရာထိုင်ခင်းမှာ အခြေချသွားတတ်ဖို့လည်းလိုသည်။ အထူးသဖြင့် အပူအအေးမျှညီ၊ မပူလွန်း မအေးလွန်းသော နေရာဒေသများကို ရွေးချယ်နေထိုင်တတ်ဖို့လိုသည်။

စိတ်ခန္ဓာအိမ်ကား ကျယ်ဝန်းနက်နဲလွန်းလှသည်။ ဖမ်းရထိန်းရလည်း ခက်ခဲတတ်သည်။ ပညာရှိများက ထိုစိတ်ကို ဆင်ရိုင်းနှင့်လည်းကောင်း၊ မျောက်နှင့် လည်းကောင်း ခိုင်းနှိုင်းတင်စားဥပမာပေးတတ်ကြသည်။ ခန္ဓာငါးပါးတွင်လည်း ရုပ်ခန္ဓာ"ရူပခန္ဓာ"တစ်ပါးသာပါရှိပြီး ကျန်ခန္ဓာလေးပါးမှာ နာမ်ခန္ဓာများဖြစ်ကြသည်။ စိတ်ကို ကိန်းဂဏန်းသင်္ချာနည်းနှင့်ရေတွက်လျှင် "စိတ်တစ်ခုယုတ်-ကိုးဆယ်၊ အကျယ်အားဖြင့် တစ်ရာနှစ်ဆယ်"ရှိသည်ဟု ဆိုကြသည်။ စိတ်ခန္ဓာ ၈၉ ခု၊ အကျယ်အားဖြင့် ၁၂၀ ဟု ပညာရှင်များက ရေတွက်ပြထားသည်။

စိတ်ကျန်းမာရေးလေ့ကျင့်မှုမှာ ငြိမ်သက်စွာ တရားထိုင်ခြင်းပင်ဖြစ်သည်။ စိပ်ပုတီးမှအစပြုကာ ဝင်လေထွက်လေ အာနာပါနထိတက်လှမ်း စိတ်ခန္ဓာအိမ်ကို ကြံ့ခိုင်မှုရှိအောင် တည်ဆောက်ကြရသည်။ စိတ်ကျန်းမာသူတစ်ဦးကို သိသာစေသည့် လက္ခဏာမှာ ကြုံလာရသော လောကဓံအပေါ် အလွန်အကျွံမရှိတော့ဘဲ "ယောနိသော မနသိကာရ" အသင့်အတင့်နှလုံးသွင်းတတ်လာမှုပင် ဖြစ်သည်။ လောကဓံအပေါ် "နကမ္ပတိ"တုန်လှုပ်မှုမရှိသူသည် စိတ်ကျန်းမာမှုအမြင့်ဆုံးအဆင့်မှာရှိနေနိုင်သော ပုဂ္ဂိုလ်ထူးဟု ဆိုနိုင်ပါပြီ။

ဤကဲ့သို့ စိတ်ရောကိုယ်ပါ ကျန်းမာအောင် တည်ဆောက်နိုင်ပြီဆိုလျှင် ဘုရားဟောသည့် မြတ်သောလာဘ်ကြီးကို ပိုင်ဆိုင်သူ ဖြစ်သွားပြီ။ ကြုံလာသမျှ လောကဓံကို ရင်ဆိုင်ကျော်လွှား ဦးတည်ချက်ဆီအရောက် ခရီးပေါက်နိုင်သူဖြစ်သွားပြီ။

သို့သော် တစ်ခါတစ်ရံ "ဆင်ပြောင်ကြီးအမြီးကျမှတစ်"ဆိုသလို မမျှော်လင့်သောအခြေအနေမျိုးမှာ ပုံမှန်မဟုတ်သော လတ်တလောအခြေအနေဖြစ်စဉ်များကြောင့် အာဂန္တုရောဂါများ၏ဒဏ်ကို မကာကွယ်နိုင် အငိုက်မိသွားရသည်များလည်း ရှိတတ်ပါသည်။ နမူနာအားဖြင့် ရာသီဥတုဖောက်ပြန်မှုဒဏ် ကမ္ဘာတစ်ဝန်းခံနေရချိန် မိမိတို့နိုင်ငံတွင်လည်း အပူအအေးမညီမျှကမောက်ကမဖြစ်နေသည်။ "ဆီးနှင်း၊ မြူ တိမ်၊ သူရိန်၊ မီးခိုး" ယစ်မျိုးငါးအင်ကင်းစင်သော တန်ဆောင်မုန်းလပြည့်ညမှာ မိုးထစ်ချုန်းနေသည်။ ပုံမှန်အားဖြင့် တန်ဆောင်မုန်းလပြည့်ကျော်သည်နှင့် ဆောင်းဝင်ပြီ၊ အေးပြီ။ ယခု ထိုသို့မဟုတ်။ ပူအိုက်နေတုန်း။

ယခုကောက်ကာငင်ကာ အအေးဓာတ်ကြမ်းကြမ်းတမ်းတမ်းဝင်လာသည်။ အကျိုးဆက်မှာ ကူးစက်တုပ်ကွေးရောဂါအဖြစ်များလာကြခြင်း။ ဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် အအေးမိချောင်းဆိုးတုပ်ကွေးရောဂါတွင် ဗက်တီးရီးယားပါဝင်လာပြီဆိုလျှင် အဖျားပိုကြီးလာရသည်။ ကူးစက်တတ်သည့်ရောဂါဖြစ်၍ အထူးသဖြင့် ကိုယ်ခံအားနည်းနေသူကလေးများ၊ သက်ကြီးရွယ်အိုများထံသို့ လွယ်ကူစွာ ဝင်ရောက်ဒုက္ခပေးတတ်သည်။

တုပ်ကွေးဝေဒနာရှင်ချောင်းဆိုးရာမှ ထွက်လာသည့်အမှုန်များတွင် ရောဂါပိုးတွေပါလာပြီး တစ်ပေ၊ နှစ်ပေ အတွင်းရှိနေသူများသို့ အလွယ်တကူ ကူးစက်စေနိုင်သည်။ မည်ရွေ့မည်မျှ ကျန်းမာနေသူဖြစ်စေ သတိမထားမိပါက အအေးမိတုပ်ကွေးမိသွားနိုင်သည်။ တုပ်ကွေးမိပြီဆိုသည်နှင့် နှာအလွန်စေးခြင်း၊ နှာရည်ကျခြင်း၊ နှာခေါင်းပိတ်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းစသည့် နောက်ဆက်တွဲဝေဒနာများ တစ်သီတစ်တန်းကြီးပါလာသည်။

ရာသီအပြောင်းအလဲမှာဖြစ်တတ်သော အာဂန္တုရောဂါ အအေးမိနှာစေး၍ တုပ်ကွေးရောဂါသည်တစ်ဦးမှတစ်ဦးသို့ ကူးစက်မြန်လွယ်သည့် ရာသီပေါ်ရောဂါတစ်မျိုးဖြစ်၍ မကူးမစက်ရအောင် သတိထားနေထိုင်တတ်ပါမှ တော်ကာကျပါမည်။ ကျန်းမာရေးကောင်းနေသည်ဆိုလည်း ကူးစက်တတ်သည့်ရောဂါဖြစ်၍ သက်သာခွင့်ပေး ရှောင်ကွင်းသွားမည်မဟုတ်။ စားသတိ၊ သွားသတိ၊ နေသတိနှင့် တစ်ရံမလပ်သတိထားနေနိုင်ပါမှ ရာသီပေါ်ကူးစက်တုပ်ကွေးရောဂါစက်ကွင်းမှ လွတ်ကင်းနိုင်ပါလိမ့်မည်။ ဆင်ခြင်နိုင်ကြပါစေ။ ။

# ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် ထုတ်လုပ်မှုခွဲဝေခံစားရေးစာချုပ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၅**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Channel Islands တွင် မှတ်ပုံတင်ထားသည့် Ophir Myanmar (Block AD-3) Limited. နှင့် မြန်မာနိုင်ငံ Parami Energy Development Co.,Ltd. တို့၏ ရခိုင်ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် AD-3 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ဒီဇင်ဘာ ၄ ရက် ညနေ ၆ နာရီတွင် နေပြည်တော် Hilton ဟိုတယ်၌ လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ Ophir Myanmar (Block AD-3) Ltd. မှ Chief Operating Officer, Mr. Willam Higgs နှင့် Parami Energy Development Co.,Ltd. တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Ophir Myanmar (Block AD-3) Ltd. မှ Chief Operating Officer, Mr. Willam Higgs တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Ophir Myanmar (Block AD-3)Ltd. မှ Mr. Willam Higgs နှင့် Parami Energy Development Co.,Ltd. မှ ဦးနေဝင်း တို့က စာချုပ်များကို လက်မှတ်ရေးထိုးကာ လဲလှယ်ကြသည်။

ရခိုင်ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် AD-3 ပထမအကြိမ် တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ဒုတိယမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး စာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆ သန်းရရှိမည်ဖြစ်ကာ လုပ်ကွက်အတွက် လေ့လာရေးကာလတစ်နှစ်နှင့် ရှာဖွေရေးကာလခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၃ သန်း သုံးစွဲမည်ဖြစ်သည်။

စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက ရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာ လုပ်ကွက်ဒေသများ၌ စတင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

**ရန်ကုန် ဒီဇင်ဘာ ၅**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၀၀၀၀ | - ၆၆၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၀၀၀၀ | - ၆၆၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၉.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၆.၅၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၁၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇.၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၅၈၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၅.၄၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂.၁၆၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၉.၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁.၀၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**





# နော်ဝေနိုင်ငံဘုရင်နှင့် မိဖုရား မန္တလေးမြို့သို့ရောက်ရှိလေ့လာ

**မန္တလေး ဒီဇင်ဘာ ၅**



မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မန္တလေး ဂေါ်ဝိန်သင်္ဘောဆိပ်ကမ်းသို့ ယနေ့မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ရောက်ရှိကြသည်။

ဧည့်သည်တော် ဟာရယ်ဘုရင်နှင့် မိဖုရားတို့အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ပြည်ထောင်စုတိုင်းရင်းသားမောင်မယ်များက ဂုဏ်ပြုကြိုဆိုကြပြီး မြန်မာအမျိုးသမီးအမျိုးသားငယ်တို့က ပန်းစည်းပေးအပ်ကြိုဆိုကြကာ မန္တလေးဆိပ်ကမ်းအထွက် ကမ်းနားလမ်းဘေးဝဲယာ၌ မန္တလေးအခြေခံပညာကျောင်းများမှ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းပြီး ဂုဏ်ပြုကြိုဆိုကြသည်။

ရှေးဦးစွာ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ မန္တလေးမြို့၏ ရှုခင်းအလှကို မန္တလေးတောင်ပေါ်မှ ကြည့်ရှုလေ့လာပြီး ဂေါပကအဖွဲ့သို့ အလှူငွေများလှူဒါန်းခဲ့သည်။

ထို့နောက် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် မန္တလေးတောင် အရှေ့ဘက် ကုသိုလ်တော်ဘုရားရှိ ကမ္ဘာ့သမိုင်းမှတ်တမ်းအမွေအနှစ်ဝင် ကျောက်စာနှင့် သက်တမ်းရှည် ခရေပင်များကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကုသိုလ်တော်ဘုရားကို ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်**(အပေါ်ပုံ)** နှင့် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြပြီး ရွှေနန်းတော်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် လေဆိပ်ဧည့်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က မန္တလေးမြို့ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်(လ်)ဘမ်နှင့် အမှတ်တရလက်ဆောင်ကို ဧည့်သည်တော် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်အား ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**မန္တလေး(ကိုယ်ပွား)**

# တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ "တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်" အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal Ace ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က အမှာစကားပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ ပြည်တွင်းတရားရုံးများ၏ မဟာဗျူဟာ စီမံကိန်းရေးဆွဲရေးနှင့် နည်းပညာဌာနအကြီးအကဲ Mr.James Leong က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ တရားစီရင်ရေးနှင့်ဥပဒေစနစ်ဆိုင်ရာ မဟာဗျူဟာ အမြင်၊ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး၊ အငြင်းပွားမှုများကို အနုညာတခုံရုံးဖြင့် စီရင်ဆုံးဖြတ်ခြင်း၊ တရားရုံးစီမံခန့်ခွဲခြင်းနှင့်မှုခင်းများစီမံဆောင်ရွက်ခြင်းတို့တွင် သတင်းနှင့်နည်းပညာ အသုံးပြုခြင်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်း၏ အကျိုးသက်ရောက်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်းနှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၁၊ ၅၂ နှင့် ၅၃ တို့ကို ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ(၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁)၊ မြန်မာအမျိုးသားလေကြောင်းဥပဒေ(၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂)နှင့် ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ(၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၃)တို့ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ဥပဒေများကို ဒီဇင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**(ကြေးမုံ)**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော နေ့စဉ်ထုတ်သတင်းစာများတွင် သုတနှင့်ရသဆိုင်ရာ စာအုပ်ကြော်ငြာခနှုန်းထားများ ထက်ဝက်လျှော့ချပေး

**နေပြည်တော် ဒီဇင်ဘာ ၅**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့၌ သုတ/ရသဆိုင်ရာစာအုပ်များနှင့် ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများကို လူမှုရေးကြော်ငြာနှုန်းထားများနှင့် တစ်ပြေးညီ လက်ခံဖော်ပြပေးခဲ့ရာမှ ယခုအခါ သုတ/ရသစာပေများကို ပိုမိုကျယ်ပြန့်စွာ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် သုတ/ရသစာပေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ သုတ/ရသဆိုင်ရာစာအုပ်များ(ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ)ကို မူလကြော်ငြာနှုန်းထားဖြစ်သည့် ရောင်စုံစာမျက်နှာတွင် တစ်လက်မတစ်ကော်လံ ငွေကျပ် ၁၅၀၀၀ မှ ငွေ ကျပ် ၇၅၀၀ ဖြင့် လည်းကောင်း၊ အဖြူအမည်း စာမျက်နှာတွင် တစ်လက်မ တစ်ကော်လံ ငွေကျပ် ၉၀၀၀ မှ ငွေကျပ် ၄၅၀၀ ဖြင့် လည်းကောင်း ထက်ဝက်လျှော့ချပြီး လက်ခံဖော်ပြပေးလျက်ရှိသည်။

**(သတင်းစဉ်)**

# ကိုအောင်နိုင်(ခ)ကိုအောင်ကျော်နိုင်(ခ)ကိုပါကြီး သေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးမှု အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ကိုအောင်နိုင်(ခ)ကိုအောင်ကျော်နိုင်(ခ)ကိုပါကြီး သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် ဖြစ်စဉ်အစမှစ၍ စုံစမ်းတွေ့ရှိချက်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အကြံပြုတိုက်တွန်းချက် စသည့် အချက်များပါရှိပြီး စာမျက်နှာ(၁၅) မျက်နှာရှိသည်။

ယင်းအစီရင်ခံစာကို ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ပေါ်တယ် (www.moi.gov.mm)၊ အဆိုပါ website အတွင်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း web page နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဝက်ဘ်ဆိုက်လိပ်စာ (www.mnhrc.org.mm)တို့တွင် အသေးစိတ်ဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**











# ကမ္ဘာ့ရှေးအကျဆုံး သစ်သားဘုရားကျောင်း တရုတ် ပြန်လည်ပြုပြင်

**တိုင်ယွမ် ဒီဇင်ဘာ ၅**

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အမြင့်ဆုံးဟု ယုံကြည်ရသည့် သစ်သားဖြင့် ဆောက်လုပ်ထားသည့် ဘုရားကျောင်းကို ပြန်လည်မွမ်းမံရန် ဆယ်စုနှစ်နှစ်ခုကြာ နှောင့်နှေးကြန့်ကြာပြီးနောက် ပြန်လည်စတင်တော့မည်ဟု ဒီဇင်ဘာ ၅ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်၌ ရေးသားထားသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီးပြည်နယ် ယင်ကျန်း စီရင်စုတွင်တည်ရှိသည့် သက်တမ်း ၉၅၈ နှစ်ရှိ အဆိုပါ ဘုရားကျောင်းသည် အနောက်မြောက်ဘက်သို့ ယိုင်နေသောကြောင့် ပြန်လည်ခိုင်မာတောင့်တင်းလာစေရန် ရှေးဟောင်းအဆောက်အအုံများကို ပြင်ဆင်မွမ်းမံသူများက စီစဉ်ခြင်းဖြစ်သည်။ ပြည်နယ်ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲရေးဌာန၏ အဆိုအရ ရာစုနှစ်ပေါင်းများစွာ ရာသီဥတုဒဏ်ခံရမှုကြောင့် ဆွေးမြည့်နေသော ဘုရားကျောင်း၏ အစိတ်အပိုင်းများဖြစ်သည့် သစ်များကိုလည်း ပြုပြင်သွားမည်ဖြစ်သည်။ ယွမ် ခုနစ်သန်း(အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ သန်း)အကုန်အကျခံ၍ ဘုရားကျောင်း ပြန်လည်ပြုပြင်ရေး တစ်နှစ်ခွဲအတွင်း အပြီးဆောင်ရွက်သွားရန် မျှော်လင့်ထားသည်။ ၆၇ မီတာမြင့်သည့် ဘုရားကျောင်းကို သံမှိုများ အသုံးမပြုဘဲ သစ်သားများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အထပ်ငါးထပ်ပါ ဘုရားကျောင်း၏ ဒုတိယထပ်မှာ ယိုယွင်းနေသည့်အခြေအနေကြောင့် ခရီးသွားများ အဆိုပါအထပ်သို့ တက်ရောက်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

၂၀၁၂ ခုနှစ်တွင် အဆိုပါဘုရားကျောင်းအားယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန်အတွက် ပဏာမနယ်မြေများစာရင်း သွင်းထားခဲ့သည်။ **ဆင်ဟွာ။**

# ဇင်ဘာဘွေသမ္မတက ဒုတိယသမ္မတကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်

**ဟာရာရေး ဒီဇင်ဘာ ၅**

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည် ၎င်း၏ ဒုတိယသမ္မတ ဂျွိုက်(စ်)မူဂျူရူကို ၎င်းအားလုပ်ကြံရန် ကြံစည်ခဲ့သည်ဟုလည်းကောင်း၊ သူခိုးတစ်ဦးဖြစ်သည်ဟုလည်းကောင်း ဒေါသတကြီးစွပ်စွဲပြောကြားလိုက်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အာဏာရ ဇာနူ-ပီအက်ဖ်ပါတီ အထွေထွေညီလာခံတွင် ရောဘတ်မူဂါဘီက မိန့်ခွန်းပြောကြားရာ၌ အဂတိလိုက်စားသော အရာရှိအားလုံးကို အရေးယူမည်ဟု ဆိုသည်။

ညီလာခံသို့ မစ္စမူဂျူရူ တက်ရောက်ရန် ပျက်ကွက်လျက်ရှိခြင်းသည် သူမ၏ ကြောက်ရွံ့ထိတ်လန့်မှုကို ပြသခြင်းဖြစ်ကြောင်း ထပ်မံပြောကြားသည်။

အသက်(၉၀)ရှိပြီဖြစ်သည့် မူဂါဘီသည် ပါတီကို ၎င်း၏ ကိုယ်ပိုင်ပစ္စည်းဥစ္စာတစ်ခုအဖြစ် လုံးဝပြောင်းလဲခဲ့ပြီးဖြစ်ကြောင်း မကြာသေးမီက ဇာနူ-ပီအက်ဖ်ပါတီမှ ထုတ်ပယ်ခြင်းခံရသော ရူဂါဒီဂျမ်ဘိုက ဘီဘီစီသို့ ပြောခဲ့သည်။ မူဂါဘီသည် ၎င်း၏ဇနီး ဂရေ့(စ်)ကို ကုသိုလ်ကြမ္မာ ပိုမိုကောင်းမွန်လာစေရေးအတွက် မစ္စမူဂျူရူကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း ဇာနူ-ပီအက်ဖ်ပါတီ၏ ပြောရေးဆိုခွင့်ဟောင်းဖြစ်သူက ထပ်မံပြောကြားသည်။

စွပ်စွဲချက်အားလုံးကို မဟုတ်မှန်ကြောင်း ငြင်းပယ်ခဲ့သူ မစ္စမူဂျူရူသည် သမ္မတ မူဂါဘီ၏ အရိုက်အရာကို ဆက်ခံမည့်သူဖြစ်သည်ဟု ရှုမြင်ခြင်းခံထားရသူဖြစ်သည်။

လူနည်းစုလူဖြူ အုပ်ချုပ်မှုအောက်မှ ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရရှိရန် မူဂါဘီနှင့်အတူ လက်တွဲလှုပ်ရှားခဲ့သူဖြစ်သည်။

သို့သော် မစ္စမူဂါဘီက ယခုနှစ်တွင် နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်လာပြီး မစ္စမူဂျူရူသည် သူမ၏ ခင်ပွန်းကို လုပ်ကြံရန် ကြံစည်ခဲ့သည်ဟု စွပ်စွဲလိုက်သောအခါ မစ္စမူဂျူရူ၏ နိုင်ငံရေးသမားဘဝ အခြေမလှဖြစ်ခဲ့ရသည်။

မြို့တော် ဟာရာရေး၌ ကျင်းပလျက်ရှိသည့် အထွေထွေညီလာခံ၏ သမ္မတကတော်ကို ဇာနူ-ပီအက်ဖ်ပါတီ၏ အမျိုးသမီးအဖွဲ့အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်မည်ဟု မျှော်လင့်ရသည်။ **ဘီဘီစီ။**

# တရုတ်နိုင်ငံနှင့် ဆက်သွယ်မည့် ရထားလမ်းစီမံကိန်း ထိုင်းလွှတ်တော်က အတည်ပြု

**ဗန်ကောက် ဒီဇင်ဘာ ၅**

ဒွေးလမ်းရထားလမ်းစနစ် တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာမူကြမ်းကို တရုတ်နိုင်ငံနှင့် လက်မှတ်ရေးထိုးရန် ထိုင်းအမျိုးသားလွှတ်တော်က ဒီဇင်ဘာ ၄ ရက်တွင် မဲခွဲအတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။


ထိုင်းနိုင်ငံ နောင်ကိုင်း၊ ခန့်ကွိုင်းနှင့် မက်တာဖက်မြို့တို့ကို ဆက်သွယ်မည့် ၇၃၄ ကီလိုမီတာ အရှည်ရှိ ရထားလမ်းနှင့် ၁၃၃ ကီလိုမီတာ အရှည်ရှိ ခန့်ကွိုင်း-ဗန်ကောက်ရထားလမ်းတို့ အကျုံးဝင်ပါရှိမည့် နိုင်ငံဖြတ်ကျော်ရထားလမ်းစနစ်ကို ဖောက်လုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် အစိုးရအဖွဲ့က အမျိုးသားလွှတ်တော်ထံ တင်ပြခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာသည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးအစည်းအဝေးတက်ရောက်ရန် တရုတ်နိုင်ငံသို့ လွန်ခဲ့သည့်လက သွားရောက်ခဲ့ရာတွင် နှစ်နိုင်ငံဆက်သွယ်မည့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

ထိုင်းအစိုးရအဖွဲ့သည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်တစ်ရပ်ကို ဇူလိုင်လက ရေးဆွဲခဲ့သည်။

တရုတ်-ထိုင်း ဒွေးလမ်းရထားလမ်းစနစ် ဖောက်လုပ်ရေးစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာမူကြမ်းကို ထိုင်းအမျိုးသားလွှတ်တော်က ထောက်ခံမဲ ၁၈၇ မဲ၊ ကြားနေမဲခုနစ်မဲဖြင့် အတည်ပြုပေးခဲ့သည်။ အဆိုပါ ရထားလမ်းကို ၂၀၁၆ ခုနှစ်ထက်နောက်မကျဘဲ ဖောက်လုပ်ရန် ထိုင်းအစိုးရက လိုလားသည်။

**ပီတီအိုင်။**



# နယ်လ်ဆင်မန်ဒဲလား ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် ကျင်းပ

**ပရီတိုးရီးယား ဒီဇင်ဘာ ၅**

တောင်အာဖရိကနိုင်ငံတစ်ဝန်းတွင် နယ်လ်ဆင်မန်ဒဲလား ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားများကို ဒီဇင်ဘာ ၅ ရက်က ကျင်းပသည်။ ၎င်းကွယ်လွန်ခြင်း အထိမ်းအမှတ်အခမ်းအနားတွင် လွမ်းသူ့ပန်းခွေများချခဲ့ကြပြီး ခရစ်ကက် အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် မန်ဒဲလားနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သူ နိုင်ငံရေးသမားများသည် မန်ဒဲလား၏ ဇနီး ဂရာကာမာချဲလ်နှင့်အတူ ပရီတိုးရီးယားမြို့တွင် ကျင်းပသော အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

နယ်လ်ဆင်မန်ဒဲလားအား ရည်စူးသည့် အောက်မေ့ဖွယ် အထိမ်းအမှတ်အခမ်းအနား မစတင်မီတွင် တောင်အာဖရိကနိုင်ငံတစ်ဝန်း၌ အချက်ပေးဥသြသံများနှင့် ဗုံဗူဇီလာမှုတ်သံများ ဖုံးလွှမ်းပျံ့နှံ့နေပြီးနောက် သုံးမိနစ်ခန့် တိတ်ဆိတ်ငြိမ်သက်စွာနေခဲ့ကြသည်။

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးသော လူမည်းသမ္မတဟောင်း မန်ဒဲလားသည် ယမန်နှစ်က ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်၌ အသက်(၉၅)နှစ် ရှိပြီဖြစ်သည်။ ၎င်းကွယ်လွန်ကြောင်း ကြားသိရချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ဝမ်းနည်းပူဆွေးမှုများဖြစ်ခဲ့ရသည်။

မာဒီဗာဟူသော အမည်ဖြင့်လည်း လူသိများခဲ့သူ နယ်လ်ဆင်မန်ဒဲလားသည် တောင်အာဖရိကနိုင်ငံ၌ လူနည်းစုလူဖြူများအုပ်စိုးမှု အဆုံးသတ်ရန် တိုက်ပွဲဝင်ခဲ့ပြီး အကျဉ်းထောင်ထဲတွင် ၂၇ နှစ်ကြာ အချိန်ကုန်လွန်ခဲ့သူဖြစ်သည်။

**ဘီဘီစီ။**

# ကမ္ဘောဒီးယားအစိုးရက ဆေးရွက်ကြီးထိန်းချုပ်မှု ဥပဒေကြမ်းကို အတည်ပြု

**ဖနွမ်းပင် ဒီဇင်ဘာ ၅**

ကမ္ဘောဒီးယားအစိုးရသည် ပြည်သူများနှင့် စီးပွားရေးကို ထိခိုက်စေသော ဆေးရွက်ကြီးအကျိုးသက်ရောက်မှု လျော့နည်းစေရေး ရည်ရွယ်ချက်ဖြင့် ဆေးရွက်ကြီး ထိန်းချုပ်မှု ဥပဒေကြမ်းတစ်ခုကို အတည်ပြုခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြုစုထားသော အဆိုပါ ဥပဒေကြမ်းသည် ဆေးရွက်ကြီးဖြင့်ပြုလုပ်သော ထုတ်ကုန်များ ထိန်းချုပ်ရန်နှင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုလျော့နည်းစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဆေးရွက်ကြီးနှင့် ဆက်နွယ်သည့် ရောဂါများကြောင့် နှစ်စဉ် လူပေါင်း ၁၀၀၀၀ သေဆုံးလျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၁ ခုနှစ် ကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ဆေးလိပ်သောက်သုံးသူများသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ မီလီယံနီးပါးကို စီးကရက်နှင့် ဆေးရွက်ကြီးအတွက် အသုံးပြုသည်ဟု သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၁ ဒသမ ၄ မီလီယံခန့်မှာ စီးကရက်သောက်သုံးသူများဖြစ်ကြောင်း ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် လုပ်ငန်းခွင်များတွင် ဆေးလိပ်သောက်သုံးခြင်းကို ဖေဖော်ဝါရီလမှစတင်၍ တားမြစ်ခဲ့သည်။ **(ဆင်ဟွာ)**

# စူပါတိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင်သို့ ဝင်ရောက်ဖွယ်ရှိ

**မနီလာ ဒီဇင်ဘာ ၅**

တစ်နာရီမိုင် ၁၅၀နှုန်းနီးပါးရှိသော အင်အားပြင်း စူပါတိုင်ဖုန်းအဆင့်ရှိမုန်တိုင်းတစ်ခုသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းသို့ ဦးတည်ကာ တဖြည်းဖြည်းရွေ့လျားနေကြောင်းသိရသည်။

ဖိလစ်ပိုင်နိုင်ငံရှိ ဆာမာစီရင်စုအရှေ့ဘက်သို့ ဒီဇင်ဘာ ၆ ရက်တွင် တိုက်ခိုက်နိုင်ဖွယ်ရှိသည့် 'ဟာဂူပစ်' အမည်ရှိ မုန်တိုင်းကြီးသည် ယခင်တိုက်ခတ်ခဲ့သည့် တိုင်ဖုန်းဟိုင်ရန်နှင့် အချိန်တစ်နှစ်ခန့်သာ ကွာခြားသည်။ ယမန်နှစ်က တိုက်ခတ်ခဲ့သော တိုင်ဖုန်းဟိုင်ရန်ကြောင့် လူပေါင်း ၇၃၀၀ကျော်သေဆုံးခဲ့ပြီး လူဦးရေလေးသန်းကျော်ကို ရွှေ့ပြောင်းပေးခဲ့ရသည်။

ဟာဂူပစ်တိုင်ဖုန်းမုန်တိုင်းသည် လေတိုက်နှုန်း ၁၂၇မိုင်မှ ၁၄၉မိုင်နှုန်းအားပြင်းနိုင်ဖွယ်ရှိကြောင်း မုန်တိုင်းအား မျက်ခြည်မပျက်စောင့်ကြည့်နေသော မိုးလေဝသနှင့်ဇလဗေဒပညာရှင်များက ဆိုသည်။

မုန်တိုင်းသည် နိုင်ငံ၏အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်မိုင် ၄၃၅ မိုင် ကွာဝေးသော ပစိဖိတ်သမုဒ္ဒရာထဲတွင် စုဝေးဖြစ်ပေါ်နေသည်။

မြို့တော်မနီလာတွင် သမ္မတ ဘီနင်နို အကွီနို (၃) က မုန်တိုင်းနှင့်ပတ်သက်သည့် အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပပြီး ကုန်စည်များအား သိုမှီးသိမ်းဆည်းထားမည့် ဝယ်ယူမှုများကို တားမြစ်ပိတ်ပင်ရေး စီမံခန့်ခွဲမှုများ ပြုလုပ်နေခဲ့သည်။ လေကြောင်းလိုင်းများ၊ ဆေးရုံများနှင့် အရေးပေါ်အစီအစဉ်များ အဆင်သင့်ရှိမရှိကို လိုက်လံစစ်ဆေးခဲ့သည်။

**စကိုင်းနယူးစ်။**




# နိုင်ငံ့သားကောင်းများ နိုင်ငံတော်နှင့်တပ်မတော်၏ ကျရာကဏ္ဍအသီးသီးတွင် ထမ်းဆောင်လျက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ  ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်(ကြည်း) (ရေ) (လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုသည့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်အတိုင်း အမိတက္ကသိုလ်ကြီးက မွေးထုတ်ပေးခဲ့သည့် နိုင်ငံ့သားကောင်းများသည်လည်း ယခုဆိုလျှင် နိုင်ငံတော်နှင့်တပ်မတော်၏ ကျရာကဏ္ဍအသီးသီးတွင် အားကြိုးမာန်တက် တာဝန်ကိုယ်စီ ထမ်းဆောင်လျက်ရှိကြကြောင်း၊ ရောက်ရှိတာဝန်ထမ်းဆောင်ရာနေရာတိုင်းတွင် အထက်ကယုံကြည်အားထားရသည့်အပြင် လက်အောက်ကပါ လေးစားအားကိုးရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းတာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ "သစ္စာ၊ သူရ၊ သိပ္ပ" ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာ ၄ ချက် ဦးထိပ်ရွက်ကာ လေ့လာသင်ယူထားသည့် စစ်မှုအတတ်ပညာများကို ရဲစွမ်းသတ္တိနဲ့ယှဉ်ပြီး စည်းကမ်းတကျ လိုက်နာကျင့်သုံးမှသာလျှင် "နောင်တစ်ခေတ်၏ အောင်စစ်သည်" ဆိုသည့် အမိစစ်တက္ကသိုလ်၏ဆောင်ပုဒ်အတိုင်း လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝပြီး နိုင်ငံတော်က အားထားယုံကြည်ရသည့် အရာရှိကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင်**(အပေါ်ပုံ)**ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၆) မှအောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၃၁၀ ဗိုလ်လောင်း ဝင်းမြင့်အောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၀၇၄ ဗိုလ်လောင်းဇာနည်၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၁၈၇ ဗိုလ်လောင်း ဘိုဘိုထွန်း၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၃၁၀ ဗိုလ်လောင်းဝင်းမြင့်အောင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၀၅၈ ဗိုလ်လောင်းစိုးသီဟတို့အား ဆုများအသီးသီး ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် အမိကျောင်းတော်ကြီးက **သင်ကြားပေးလိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံ၊ ကွန်ပျူတာ၊ စာပေပညာများ၊ စစ်ပညာများသည် အခြေခံသဘောမျှသာဖြစ်ပြီး ရဲဘော်တို့အနေဖြင့် လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ရင်း ထပ်မံဖတ်ရှုလေ့လာရရှိသည့်အတွေ့အကြုံများနှင့် ပေါင်းစပ်၍ စဉ်ဆက်မပြတ် တိုးတက်အောင် ကြိုးစားလုပ်ဆောင်**သွားရမည်ဖြစ်ကြောင်း၊ **တစ်ဦးချင်းစီ၏ ခံယူမှတ်သားမှု၊ လိုက်နာကျင့်သုံးမှု၊ ကိုယ်ကျင့်တရားစောင့်ထိန်းမှု၊ ကြိုးစားအားထုတ်မှု၊ ခေါင်းဆောင်မှု အရည်အသွေးများပေါ် မူတည်ပြီး အောင်မြင်မှုနှင့် အခွင့်အလမ်းများသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။**

ခေါင်းဆောင်မှုဆိုသည်မှာ လေ့ကျင့်သင်ကြားရုံသာမက ကိုယ်တိုင်လိုက်နာတည်ဆောက်မှသာ ရနိုင်သည့်အရာမျိုးဖြစ်ကြောင်း၊ **စစ်မြေပြင်တွင်တိုက်ပွဲဝင်ကြသည့်အခါ အသက်၊ သွေး၊ ချွေးများကို ရင်းနှီးပြီး စွန့်လွှတ်စွန့်စားရသည်ဖြစ်၍ အောင်ပွဲရရန်အတွက် ခေါင်းဆောင်၏ အရည်အသွေးအခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ခေါင်းဆောင်ကောင်းများဖြစ်ရန် နယ်ပယ်အလိုက် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်နေရန်လိုအပ်သကဲ့သို့ ကိုယ်ကျင့်တရား ကောင်းမွန်နေအောင်လည်း မိမိကိုယ်ကို ထိန်းသိမ်းဖြည့်ဆည်း** နေရန်လိုအပ်ကြောင်း။

ကြည်း၊ ရေ၊ လေ လက်ရုံးတပ်ဖွဲ့အသီးသီး၏ ထူးခြားသည့်ဝိသေသအရ လိုအပ်သည့် ကျွမ်းကျင်မှုများကို မိမိအဆင့်နှင့်လျော်ညီစွာ ကျွမ်းကျင်မှုအဆင့်ကိုရအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရန်လိုကြောင်း၊ အထူးသဖြင့် **မိမိထမ်းဆောင်ရမည့် တာဝန်ကို skillful ဖြစ်အောင် အစဉ်ဖြည့်ဆည်းဆောင်ရွက်**နေကြရမည်ဖြစ်ကြောင်း။

အတိတ်သမိုင်းတွင် ခေတ်ကာလနှင့်အညီ စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ် မရှိခဲ့ခြင်းကြောင့် နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ သူ့ကျွန်ဘဝကျရောက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် မဟာဗျူဟာမြောက်တည်နေရာကို ပိုင်ဆိုင်ထားသည့်အပြင် လူဦးရေများသည့် နိုင်ငံကြီးတွေကြားတွင် တည်ရှိနေသည့်အတွက် **သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများဖြစ်သည့် လူဦးရေစိမ့်ဝင်ထိုးဖောက်လာမှု၊ လူဦးရေမညီမျှမှု (Demographic Imbalances) ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် မိမိတို့တိုင်းရင်းသားအားလုံးသည် မိမိတို့၏ တိုင်းရင်းသားအဖြစ်တည်ရှိမှု၊ ပိုင်နက်နယ်မြေ ရာသက်ပန်တည်တံ့ခိုင်မြဲမှုတို့ကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းသွားရန်လိုအပ်သကဲ့သို့ တိုင်းရင်းသားများ၏ ဘဝလုံခြုံရေး၊ ရှင်သန်ရပ်တည်ရေးအတွက်လည်း အာမခံချက်ရှိသည့်ဥပဒေများနှင့် အရှည်မြော်တွေးပြီး ကာကွယ်စောင့်ရှောက်သွားရန်** လိုကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအရအရေးပါမှုကို လွှမ်းမိုးအသုံးချခြင်း မခံရအောင်လည်း သတိကြီးစွာထားရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် ရရှိသည့်သင်ခန်းစာအပေါ် မူတည်ပြီး ယနေ့အချိန်တွင်တပ်မတော်ကို စွမ်းရည်ပြည့်ဝသည့် Standard Army ဖြစ်အောင် ဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် **လွတ်လပ်ရေးရပြီးချိန်မှစ၍ ပယောဂအမျိုးမျိုးကြောင့် အယူဝါဒ၊ သဘောတရား မတူညီမှုများဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုပါ ကျဆင်းသည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မျှော်မှန်းသလောက် မဆောင်ရွက်နိုင်ဘဲ အခြားနိုင်ငံများထက် နောက်ကျခဲ့**ရကြောင်း၊ ယနေ့တွင် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖော်ဆောင်လျက်ရှိကြောင်း၊ **ပြည်သူလူထုက တစ်ခဲနက်ထောက်ခံရွေးချယ်ထားသည့် ဒီမိုကရေစီနိုင်ငံထူထောင်မှုကို တပ်မတော်ကလည်း အထူးလိုလားပြီး အစဉ်ထိန်းကျောင်းသွားမည်ဖြစ်သည့်အပြင် အခြေတည်ခိုင်မာအောင်လည်း မဖြစ်မနေ ပိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို တပ်မတော်၏အမျိုးသားရေးမူအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးလုပ်ငန်းများတွင် စိတ်ရင်းစေတနာမှန်စွာဖြင့် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးနှင့် လက်တွဲဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း။

ထိုကဲ့သို့ ဖော်ဆောင်ရာတွင် **ပြည်ထောင်စုစနစ်အပေါ် မိမိတို့ လိုရာဆွဲ အဓိပ္ပာယ်ဖွင့် အငြင်းပွားနေကြမည့်အစား ဥမကွဲ သိုက်မပျက်၊ အေးအတူပူအမျှ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး လိုအပ်ချက်၊ ကွာဟချက်များအပေါ် ကျယ်ပြန့်သည့်သဘောထား၊ စိတ်ရှည်သည်းခံစိတ်တို့နှင့်အတူ အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး ညှိနှိုင်းအဖြေရှာသွားကြမည်ဆိုလျှင် အားလုံးလိုလားသည့် ငြိမ်းချမ်းရေးကို မလွဲဧကန်ရရှိမည်ပင်ဖြစ်**ကြောင်း၊ **တပ်မတော်သည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများကို မဖြစ်မနေ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

ဒီမိုကရေစီစနစ်တွင် ပြည်သူကိုဗဟိုပြုပြီး အုပ်ချုပ်သည့်ပုံစံဖြစ်ခြင်းကြောင့် **ပြည်သူများအနေဖြင့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသည့် ပြုမူတွေးခေါ်မှုများ ရှင်သန်ဖွံ့ဖြိုးရန်လိုသကဲ့သို့ တာဝန်ရှိလူပုဂ္ဂိုလ် အဖွဲ့အစည်းအသီးသီးပိုင်းတွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ ညီညွတ်မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်မှုစသည့် Good Governance စံနှုန်းများနှင့် ကိုက်ညီရန်လို**ကြောင်း၊ နိုင်ငံရေးပါတီ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့်လည်း မိမိ၏အယူအဆကိုသာ ရှေ့တန်းမတင်ဘဲ မတူကွဲပြားမှုများကို ချန်ထားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပြည်သူများ မျှော်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို စည်းကမ်းတကျ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ **ပြည်သူလူထု၏ ပကတိ လိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် မိမိတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်**ကြောင်း၊ ပြည်သူလူထု၏လိုလားချက် ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးနိုင်ရန်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့်ပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း။

တပ်မတော်၏ အခြေခံအကျဆုံးတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင်ဖြစ်ကြောင်း၊ **ယနေ့ခေတ် နိုင်ငံတော်ကာကွယ်ရေးဆိုသည့် နေရာတွင် လက်နက်အင်အားနှင့် ကျူးကျော်တိုက်ခိုက်သည့် စစ်ရေးနည်းလမ်းသာမက နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဘာသာရေး စသည်ဖြင့် နည်းလမ်းပေါင်းစုံ Multi Dimensional Warfare အသွင်ဆောင်သည့် ထိုးနှက်မှုများကိုပါ ကာကွယ်နိုင်စွမ်းရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ရောက်ရှိတာဝန်ထမ်းဆောင်ရာ နေရာဒေသတိုင်းတွင် စစ်သည်တော်ကျင့်ဝတ်(၆၀)နှင့်အညီ နေထိုင်ပြီး ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တစ်ဦးတစ်ယောက်၏ စည်းကမ်းမဲ့မှု၊ အကျင့်စာရိတ္တချို့ယွင်းမှုကြောင့် တပ်မတော်တစ်ခုလုံးကို ထိခိုက်စေနိုင်သည့်၊ စည်းရုံးရေးကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များ မဖြစ်ပွားရအောင် အထူးအလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းနိုင်စေရန်အတွက် အဓိကအထောက်အပံ့ပေးထားသည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်ကြောင်း၊ **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ်က တိုင်းရင်းသားကိုယ်စားလှယ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များစုပေါင်းပြီး စနစ်တကျ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ ဒီမိုကရေစီကို ပုံတူကူးချခြင်းမဟုတ်ဘဲ ကိုယ့်နိုင်ငံ၏ ပထဝီအနေအထား၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်အစဉ်အလာတို့ကိုပါ စဉ်းစားသုံးသပ်ပြီး စနစ်တကျ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်**ကြောင်း၊ သို့သော် **မည်သည့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကမျှ ၁၀၀ ရာခိုင်နှုန်း ပြီးပြည့်စုံသည်ဟူ၍မရှိဘဲ လိုအပ်ချက်များလည်း ရှိနိုင်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြင်ဆင်ရမည့်အချက်များ ရှိနိုင်**လိမ့်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း **ပြင်ဆင်သင့်သည့်အချက်များ ပြင်ဆင်နိုင်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လွှတ်တော်တွင်းတွင် တင်ပြဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီဖြစ်သော ဆောင်ရွက်ချက်မှန်သမျှကို တပ်မတော်က လက်ကမ်းကြိုဆိုသွားမည်ဖြစ်**ကြောင်း၊ အမိစစ်တက္ကသိုလ်၏ ကောင်းမြတ်သော အစဉ်အလာများကို စောင့်ထိန်းပြီး တာဝန်ကျေပွန်သော၊ ယုံကြည်အားထားရသော အရာရှိကောင်းများဖြစ်လာရန် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ကာကွယ်ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်၏ အနာဂတ်ကာလတွင် အားကိုးထိုက်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ၄ ဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် လူတိုင်းတွင် ရည်ရွယ်ချက်ကိုယ်စီရှိ၍ ရည်ရွယ်ချက် အောင်မြင်ရန်အတွက် ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိ၏ရည်မှန်းချက်ကို ထိန်းသိမ်း၍ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိသိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိန်းသိမ်း၍ စည်းကမ်းလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိအား မွေးသည့်အချိန်မှ စစ်တက္ကသိုလ်ရောက်သည်အထိ ပြုစုစောင့်ရှောက်ခဲ့သော မိဘကျေးဇူးကို ဆပ်ရန်လိုသကဲ့သို့ စစ်တက္ကသိုလ်သင်တန်းကာလ ၄ နှစ်မှစ၍ ကျွေးမွေးစောင့်ရှောက်ကာသင်ကြားလေ့ကျင့်ပေးခဲ့သည့် တပ်မတော်၏ ကျေးဇူးကိုလည်းသိရှိနားလည်ကာ သွန်သင်ဆုံးမသည့်အတိုင်း လိုက်နာလုပ်ဆောင်သွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ကောက်ပင်ရိတ်ဆွ အခါသမယ စာဆိုလ

## ဝိသဇ္ဇက(ပဲခူး)

"ဒွါဒသရဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲဆလွန်ရွှင်ပြ၍ နတ်လတွင်" ဟူသော မဟာဥပရာဇ်ချောင်းကိုထောက်၍ နတ်တော်လသည် နတ်တို့ ပျော်မြူးလေ့ရှိသည်ကို အကြောင်းပြုကာ "နတ်ပျော်လ"ဟု ခေါ်ဆိုရာမှ "နတ်တော်လ"သို့ရွေ့လျားလာသည်ဟု ယူဆသူကယူဆ၏။ တန်ဆောင်မုန်းလတွင် မုတ်သုံလေဆုတ်ခွာပြီးနောက် နတ်တော်လတွင် ရေခိုးရေငွေ့ အတန်ငယ်ကင်းစင်၍ အေးမြစပြုလာ၏။

နတ်တော်လနှင့်ပတ်သက်၍ နတ်တို့ကိုပူဇော်သည့်ပွဲခလေ့ရှိခဲ့သည်။ ဝေါဟာရလီနတ္ထကျမ်းတွင် မဟာပိန္နဲစသော သက္ကတကျမ်းလာနတ်ကြီးများကို ပူဇော်ခြင်းနှင့်စကားပင်တွင် မီးတင်အသတ်ခံရသော မဟာဂီရိပုပ္ပားနတ်မောင်နှမကို ပူဇော်သည့်ပွဲဟုနှစ်မျိုးပြထားသည်ကို လေ့လာမိ၏။

ရာဇဝင်တွင် တွေ့ရှိရသည်မှာ သက္ကရာဇ် ၂၂၆ ခုနှစ်တွင် သေလည်ကြောင်မင်းလက်ထက် တကောင်းပြည်မှ အမြစ်ပါတူး၍ မျှောချလိုက်သော နတ်မောင်နှမအမှိုပြုနေသည့် စကားတုံးကို လူအများက ရုပ်တုများထုလုပ်၍ ပုပ္ပားတောင်တွင်ကိုးကွယ်ကြ၏။

ပုဂံမြို့နှင့်အနီးတစ်ဝိုက်မှလူများသည် နှစ်စဉ်နတ်တော်လတွင် ကျွဲ၊ နွား၊ ဆိတ်၊ သေရည်စသည်တို့နှင့် ပူဇော်ကြသည်ဟုဆို၏။ သက္ကရာဇ် ၉၁၈ ခုနှစ် ဟံသာဝတီဆင်ဖြူရှင်လက်ထက်ရောက်သောအခါ ထိုသို့ တိရစ္ဆာန်များကို သတ်ဖြတ်ပူဇော်မှုသည် ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်သည်ဆိုကာ တားမြစ်ခဲ့၏။

မဟာပိန္နဲနတ်သည် ခြေနှစ်ချောင်း၊ ခေါင်းနှစ်မြွာရှိသော သာသနာစောင့်နတ်မင်းကြီးဖြစ်သည်ဆို၏။ လောကဗျူဟာအင်ရုံစာတမ်း၌ "ရွှေစည်းခုံဘုရားဇရပ်တွင် အစဉ်အလာရှိသော မဟာပိန္နဲနတ်ရုပ်တုကို နတ်တော်လဆန်း ၁၃ ရက်တွင် မြန်မာပတ်ဆိုင်းသာမက မွန်ပတ်ဆိုင်းပါတီး၍သဘင်ခံရကြောင်း၊ အတွင်းဝန်မင်းတို့ကြပ်မတ်၍ နွားနို့၊ ထောပတ်၊ အချိုအဆိမ့်တို့နှင့်ပူဇော်ကြောင်း၊ နတ်တော်လပြည့်နေ့တွင် မဟာပိန္နဲနတ်ရုပ်တုကို ရထားပေါ်တွင်တင်ကာ ရွှေကြိုးဖြင့်ဆွဲ၍ နန်းတော်သို့ပင့်ဆောင်ပူဇော်ကြောင်းကို ဖော်ပြထား၏။ စာဆိုရှင် ဦးအောင်ကြီး၏ နတ်တော်လဘွဲ့လူးတားတွင် "---နှင်းဝေမှိုင်းရီ မိဂသီနှင့်၊ အညီမိုးလ၊ ပြည်ဝန်းပလျက်၊ ချမ်းမြရတု၊ ခနုရာသီ၊ ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ကျွေးပွဲစီရင်၊ ရွှေကြိုးငင်လျက်"ဟူ၍ ဖွဲ့ဆိုထား၏။

ဘိုးတော်မင်းတရားကြီး လက်ထက်မှစ၍ မြန်မာဘုရင်မင်းမြတ်တို့သည် ပညာရှိမှူးကြီးမတ်ကြီးတို့အား ဘွဲ့ထူး ဂုဏ်ထူးများပေးအပ်၍ ပူဇော်ချီးမြှင့်လာ၏။

ကုန်းဘောင်ခေတ် ကောဇာသက္ကရာဇ် ၁၁၄၃ ခုနှစ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် လောကနာထကြီးမြတ်သောပုဂ္ဂိုလ်များ၊ မြင့်မြတ်ထူးချွန်ကြသည့် ပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်ပူဇော်ကန်တော့ခဲ့ကြခြင်းကို ရာဇဝင်တွင်ပါရှိသည်။

ပုဂံခေတ်မှစ၍ အဆက်ဆက်သော စာဆိုတော်တို့ လူးတာကဗျာစာပေကျမ်းဂန်များစွာကို ရေးသားပြုစုကာထားရှိခဲ့ကြလေသည်။ စာဆိုတော်များတွင် ရဟန်းပညာရှိစာဆို၊ အမျိုးသားပညာရှိစာဆိုများသာမက အမျိုးသမီးပညာရှိ စာဆိုများစွာလည်းရှိခဲ့၏။

အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညို၊ ရှင်ဥတ္တမကျော် စသည့် စာဆိုတော်များ ပေါ်ထွန်းခဲ့သလို နန်းတွင်းမိဖြူ၊ နန်းတွင်းမိညို စသည့်အမျိုးသမီးစာဆိုတော်များလည်း ပေါ်ပေါက်ခဲ့သည်။

တောင်ငူခေတ်တွင် စာဆိုနတ်ရှင်နောင်၊ နဝဒေး၊ မွန်ဝန်ကြီး၊ ဗညားဒလ စသည့် စာဆိုများပေါ်ထွန်းခဲ့ကြ၏။

ညောင်ရမ်းခေတ်တွင် ဦးကုလား၊ ဝန်ကြီးပဒေသရာဇာ၊ တောင်တွင်းရှင်ငြိမ်းမယ်စသည့် စာဆိုများပေါ်ထွန်းခဲ့ကြ၏။

ကုန်းဘောင်ခေတ်တွင် မင်းဘူးဆရာတော် ဦးဩဘာသ၊ လက်ဝဲသုန္ဒရ၊ မြဝတီမင်းကြီးဦးစ၊ ဦးပုညာ၊ အချုပ်တန်းဆရာဖေ၊ ဝေါမင်းကြီးဦးခြံ၊ အနောက်နန်းမတော်မမြကလေး၊ ယောမင်းကြီးဦးဖိုးလှိုင်၊ လှိုင်ထိပ်ခေါင်တင် စသည့် စာဆိုများ ပေါ်ထွန်းခဲ့၏။

ကိုလိုနီခေတ်တွင် လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆရာဇေယျ၊ ဦးဖေမောင်တင်၊ ဆရာကြီး ရွှေဥဒေါင်း၊ ဦးသိန်းဖေမြင့်၊ သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ မြသန်းတင့် စသည့်စာဆိုများစွာတို့ ပေါ်ထွန်းခဲ့ကြ၏။

မြန်မာနိုင်ငံတွင် စာရေးဆရာကြီးများ၏ ဆန္ဒအရ စာဆိုတော်နေ့သတ်မှတ်၍ စာဆိုတော်နေ့ရှိသင့်သည်ဟု ယူဆကြကာ ၁၉၄၄ ခုနှစ် မေ ၁၂ ရက်တွင် ပညာရေးဝန်ကြီး ဦးလှမင်း အမှူးပြု၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဦးဖေမောင်တင်၊ ဒေါက်တာဘဟန်၊ ဆရာကြီးဦးလင်း စသည့် စာပေပညာရှင်များနှင့် စာရေးဆရာ အသိုင်းအဝိုင်းတို့သည် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးကြီးမှ မြန်မာမင်းများ လက်ထက်တွင် မြန်မာစာဆိုပညာရှင်ကြီးများအား ဘွဲ့တံဆိပ်များ၊ ဆုလာဘ်များ ချီးမြှင့်ဂုဏ်ပြုသည့် အစဉ်အလာရှိသည့်အတိုင်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ကြသောကြောင့် စာဆိုတော်နေ့ဖြစ်လာခဲ့၏။

ယခုအခါတွင် နိုင်ငံတော်အဆင့်အနေဖြင့် တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုရသူများကို ဆုချီးမြှင့်၍ သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲများ ကျင်းပနေပြီဖြစ်၏။

ဤလရာသီသည် မိုးရာသီလွန်မြောက် ဆောင်းခရီးကို အတော်ပင်ပေါက်ခဲ့ပြီဖြစ်၍ ပွင့်လင်းရာသီဟု ခေါ်ဆိုကြ၏။ ခြေခင်းလက်ခင်းသာ၍ ခရီးသွားလာရန်အဆင်ပြေသော ရာသီဖြစ်သည်။ ကြည်ကြည်လင်လင်ရှိသော်လည်း "ဆီးနှင်းတလိုက် မိုးတပြိုက်"ဆိုသကဲ့သို့ မိုးရိပ်မိုးငွေ့ကျန်တတ်၏။ "နတ်တော်ရောက်ငြား မိုးသားမငြိမ် ဆင်ရာတိမ်" ဆိုသည့် စကားနှင့်အညီ နတ်တော်လတွင် ဆင်ခြေရာမြုပ်ရုံရွာသော ဆင်ရာတိမ်မိုးရွာတတ်၏။ ဂမုန်းသဇင်တို့ ပွင့်ကြလျက် လိမ္မော်ရန့်သင်းကာ ဆောင်းရန့်များ ထုံမွှမ်းနေသော နတ်တော်လဖြစ်၏။

စာဆိုရှင်ကြီးဦးပုံးချို၏ လေးဆစ်သဖြန်တွင် "...ငွေနှင်းငယ်တဲ့ မှုန်ဝေဝေ၊ ပုံ့မွှေးခိုင်သဇင်နှင့် ဂမုန်းအင် ပန်တော်ဦးကြတယ်၊ ထူးတဲ့လပေ၊ မိဂသီပုဏ္ဏာလင်းပါလို့ ရွှေဟသ်ာတာရာငွေလို ဖြာဖြာဝေလျက် စံကွန့်မြူး၊ ပဏ္ဍာတင်ပိန္နဲမဟာရှင်၏ ခါသဘင်ပျော်ရွှင်ပွဲမှာ ဖော်ကွဲသူမကြည်သာဖို့ ရတည်လွှာခြုံလို့ ကွေးရတယ်၊ အေးတဲ့လထူး" ဟု ဖွဲ့ဆိုခဲ့သည့်အတိုင်း ဤလတွင် မိဂသီနက္ခတ်သည် လမင်းနှင့်အပြိုင် ထွန်းလင်း၏။

"နတ်တော်လရောက် ကောက်ဆွပေါက်"ဟူသော စာဆိုအရ ဤလသည် ကောက်ဆွချိန်ဖြစ်၏။ ကောက်ဆွချိန်ဆိုသည်မှာ လယ်ယာပြင်မှ ရိတ်သိမ်းပြီးသော ကောက်ပင်၊ ကောက်လှိုင်းစည်းများကို လှည်းဖြင့် မိမိတို့တလင်းသို့ သယ်ယူကြ၏။ ထိုကောက်လှိုင်းစည်း များအား တလင်းတွင် ကောက်ဖြန့်ခင်းကာ ကျွဲ၊ နွားများဖြင့် နင်းနယ်ရ၏။ ထိုသို့ နယ်ပြီးသော ကောက်ဖြန့်များမှ စပါးတခြား၊ ကောက်ရိုးတခြား ဖြစ်ခြင်းတို့ကို ကောက်ဆွခြင်းဟုဆို၏။

လယ်ယာ ဦးကြီးများ ကောက်လှိုင်းဆွ၍ စပါးလှေ့နေကြကာ ခလေ့မပျက် ဆောင်ရွက်၍ ရရှိသည့်စပါးများကို အမိုးအကာ အောက်ရောက်ရေးအတွက် လုပ်အားပေးနေသည့် အခါသမယသည် စာဆိုလတွင်ဖြစ်ပေ၏။ ။

**နယ်ပြီးသော ကောက်ဖြန့်များမှ စပါးတခြား၊ ကောက်ရိုးတခြားဖြစ်ခြင်းတို့ကို ကောက်ဆွခြင်းဟုဆို**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းကျောင်း အနော်ရထာ တပ်ရင်း ဗိုလ်လောင်းတန်းစီကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သဘင်ဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား မလေးရှားနိုင်ငံဘုရင်မှ ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ National Palace ၌ ကျင်းပသည့် မလေးရှားနိုင်ငံဘုရင်မှ ပေးအပ်ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဘွဲ့တံဆိပ်အား လက်ခံရယူသည်။

အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံမှ မလေးရှားဘုရင် Yang Di-Pertuan Agong Tuanku Abdul Halim Mu'adzam Shah နှင့် မိဖုရား၊ မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeili Bin Mohd Zin နှင့်ဇနီး၊ မလေးရှားကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Raja Mohamed Noor နှင့်ဇနီး ၊ မလေးရှားတပ်မတော်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဘွဲ့တံဆိပ်ချီးမြှင့်ပွဲ အခမ်းအနားအား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် စတင်ပြီး ရှေးဦးစွာ မလေးရှားဘုရင်မင်းမြတ်က မလေးရှားလေတပ်ဦးစီးချုပ်အား ဘွဲ့တံဆိပ်ပေးအပ်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဘရူနိုင်းလေတပ်ဦးစီးချုပ်တို့အား ဘွဲ့တံဆိပ် ပထမအဆင့် အဆောင်အယောင်စလွယ်နှင့် အဆောင်အယောင်တံဆိပ်တို့အား တပ်ဆင်ပေးပြီး ဂုဏ်ပြု နှုတ်ဆက်သည်။



ဘွဲ့တံဆိပ်ပေးအပ်ပွဲ အခမ်းအနားအပြီးတွင် စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် မလေးရှားနိုင်ငံဘုရင်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မြန်မာနှင့် မလေးရှားတပ်မတော်(ကြည်း)တို့အကြား နှစ်ဦးနှစ်ဖက် ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းလာအောင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုနှင့် တပ်မတော်(ကြည်း) နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်မှုတို့အတွက် ချီးကျူးဂုဏ်ပြုသောအားဖြင့် မလေးရှားဘုရင်မင်းမြတ်က Honourary Malaysian Armed Forces Order For Valour (First Degree) Gallant Commander of Malaysian Armed Forces ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ အလားတူ မလေးရှားလေတပ်ဦးစီးချုပ်၊ ဘရူနိုင်းလေတပ်ဦးစီးချုပ်တို့အား ဘွဲ့တံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြဝတီ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "နိုင်ငံ့ဝန်ထမ်းလစာတိုးမြှင့်ပေးရေးနှင့် ဆက်စပ်စဉ်းစားစရာများ" ဆောင်းပါး ဒုတိယကော်လံ၊ စတုတ္ထစာပိုဒ်၊စာကြောင်းရေ (၁၁)တွင်ဖော်ပြထားသည့် ကျပ် ၂၆၈၈၇၁၇. ၈ သန်းအစား ကျပ် ၂၆၈၈၇၄၁. ၈ သန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ထူးထက်အောင်(ဘဏ္ဍာရေး)**



# ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုရည်မှန်းရန် အဆိုပြုချက်များအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်   ဒီဇင်ဘာ ၅**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ရည်မှန်းရန် အဆိုပြုချက်များအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန(၃)ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန(၆) ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသစီမံကိန်းဦးစီးမှူးများ စုစုပေါင်း ၁၉၅ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘဏ္ဍာရေးရရှိမှုအပေါ်မူတည်၍ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်တို့ကို အချိုးကျစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်လိုကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးတစ်ခုတည်းမကြည့်ဘဲ တိုင်းဒေသကြီး၊ပြည်နယ်များအကြား အချိုးကျစွာ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်ရရှိလျှင်လည်း ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် အရည်အသွေးရှိရန်လိုကြောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူလူထု၏လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက စီမံကိန်းနှင့်ဘတ်ဂျက်နှင့်ပတ်သက်၍ မူဝါဒများ ရှိရန်လိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်း(၇)ရပ် အကောင်အထည်ဖော်ရေး၊ ပညာရေး၊ ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းများတိုးတက်လာစေရန် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှအသေးစိတ် ဆွေးနွေးကြရန်လိုကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမကာလတိုငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ ဦးစားပေးလိုအပ်ချက်နှင့် ကိုက်ညီမှုရှိအောင်ရေးဆွဲရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံကို ကျစ်ကျစ်လျစ်လျစ်နှင့် ထိရောက်မှုရှိအောင် ပြင်ဆင်ရေးဆွဲရန် မြို့နယ်များတွင် စုပေါင်းရုံးများဖွင့်လှစ်၍ ပြည်သူလူထုနှင့် ထိတွေ့ပြီး လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန်၊ e-Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ (၅)နှစ်စီမံကိန်း၏ ရည်မှန်းချက်ပြည့်မီရန်ဖြစ်ကြောင်း၊ တစ်နှစ်အတွင်း မပြီးသည့်လုပ်ငန်းများကို လုပ်ဆောင်ခြင်းမပြုဘဲ နှစ်ချင်းပြီးလုပ်ငန်းများကို ဦးစားပေးလုပ်ရန် နှစ်စဉ်စီမံကိန်းဆောင်ရွက်ရာတွင် မူလရည်မှန်းချက်၌လည်း ပါရှိသည့်လုပ်ငန်း ဖြစ်ရန်လိုကြောင်း၊ ရည်မှန်းချက်ရောက်ရှိရန် အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေး၊ ဒေသန္တရစီမံကိန်းများကို လက်တွေ့ကျကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုကြောင်း၊ Quick Win ရရှိစေရန် ဦးစားပေးလုပ်ငန်း(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်း၏နောက်တွင် ဘဏ္ဍာရေးလိုက်ပါလာသည်ဖြစ်၍ ဘဏ္ဍာငွေသုံးစွဲမှုကို စနစ်တကျဆောင်ရွက်ရန် Plan ကို စနစ်တကျပုံဖော်ဖို့လိုကြောင်း ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စီမံကိန်းနှင့်ဘတ်ဂျက် ဆက်စပ်ဆောင်ရွက်မှုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ဘတ်ဂျက်အပိုင်းမှ စီမံကိန်းကို မည်သို့ပံ့ပိုးဆောင်ရွက်မည်ကို ရှင်းပြဆောင်ရွက်ရန်လိုကြောင်း၊ ဘတ်ဂျက်လုပ်ငန်း အစည်းအဝေးကိုလည်း မကြာမီကျင်းပမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများဖွဲ့စည်းပုံပြောင်းလဲမှုရှိသည့်အတွက် ဝန်ထမ်းဖွဲ့စည်းပုံအင်အားကို စနစ်တကျစိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ ငွေလုံးငွေရင်းကိစ္စများကို ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအမြန်ခေါ်ယူဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုရည်မှန်းရန် အဆိုပြုချက်များအတွက် ညှိနှိုင်းအစည်းအဝေးဖြစ်သကဲ့သို့ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ထိ ပြည်သူ့ဗဟိုပြု ပထမငါးနှစ်စီမံကိန်း တစ်ခုလုံးကို ပြန်လည်သုံးသပ်ခြင်းဟု ခံယူဆောင်ရွက်ရန် လိုပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် မဖြစ်နိုင်သောလုပ်ငန်းများကို ဒုတိယငါးနှစ်စီမံကိန်းများတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်သည့်ပုံစံမှာ ကဏ္ဍမူတည် စီမံကိန်းပုံစံမှ ဒေသမူတည် စီမံကိန်းပုံစံသို့ ပြောင်းလဲရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပထမငါးနှစ် စီမံကိန်းရည်မှန်းချက်တွင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပျမ်းမျှတိုးတက်မှုနှုန်းလျာထားချက်များ ပါရှိပြီးဖြစ်သည့်အတွက် ၎င်းတိုးတက်မှုနှုန်းရရှိရန် ပြန်လည်သုံးသပ်ပြီး လျာထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပထမငါးနှစ်စီမံကိန်းတွင် မူဝါဒရည်မှန်းချက်၊ FESR မူဘောင်ပါပြီး ဖြစ်ပါကြောင်း၊ အရေးတကြီး ဦးစားပေးလုပ်ရမည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် မိမိတို့အစိုးရ၏ မှတ်ကျောက်တင်နိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်းကဏ္ဍရင်းနှီးမြှုပ်နှံမှု ရည်မှန်းရန် အဆိုပြုချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသော တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများက ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ရည်မှန်းရန် အဆိုပြုချက်များအပေါ် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ဆောင်ရွက်မည့် စီမံကိန်း ရည်မှန်းချက်များကို ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ဝန်ကြီးဌာနအသီးသီးမှ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ပထမနေ့ ညှိနှိုင်းအစည်းအဝေးကို ညနေ ၅ နာရီတွင် ပြီးစီးခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးမှ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၆ ရက်တွင် ဒုတိယနေ့အစီအစဉ်ကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။

☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြင်သစ်-မြန်မာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုး

**နေပြည်တော်   ဒီဇင်ဘာ ၅**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ပြင်သစ်သမ္မတနိုင်ငံ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှု အဖွဲ့အစည်း(အေအက်ဖ်ဒီ) တို့အကြား ပြင်သစ်နိုင်ငံ ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (အေအက်ဖ်ဒီ)နှင့် စီးပွားရေးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ပရိုပါကို) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်နှင့် ငွေကြေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mrs.Annick GIRARDIN တို့က လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး ငွေကြေးသဘောတူစာချုပ်ကို နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်နှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း(အေအက်ဖ်ဒီ)၏ Country Director Mrs. Ariane DUCREUX တို့က လက်မှတ်ရေးထိုးကြသည်။

စီးပွားရေးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ပရိုပါကို) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်အရ ပြင်သစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲလာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ပုဂ္ဂလိက ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

ငွေကြေးသဘောတူစာချုပ်အရ မြန်မာနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ရေမြေသဘာဝဆိုင်ရာ ကဏ္ဍများနှင့် ပြည်သူလူထု၏ ကျန်းမာရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်၍ စာချုပ်အရ ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီငွေ ယူရိုငါးသိန်းပေးအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အေအက်ဖ်ဒီတို့အကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့်မိလ္လာစနစ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ အပူပိုင်းဇုန်ဒေသ မြစ်ရေတင်စီမံကိန်းများ ပြန်လည်အဆင့်မြှင့်တင်ရေး၊ ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ပြန်လည်တည်ဆောက်ရေး၊ မန္တလေးမြို့၏ အခြေခံအဆောက်အအုံနှင့် စည်ပင်သာယာရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးလုပ်ငန်းဆိုင်ရာ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရေး၊ မွန်ပြည်နယ်အတွင်း အသေးစားရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကနဦးလေ့လာမှုများ ဆောင်ရွက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များကို ထပ်မံတိုးချဲ့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အိုလံပစ်ခြေစစ်ပွဲအုပ်စုများထွက်ပေါ်

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆ ရီယိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲအုပ်စုများတွင် မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် အိန္ဒိယ၊ ဘာရိန်း၊ သီရိလင်္ကာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့် နှစ်နေရာအတွင်းခြေစစ်ပွဲဝင်မည့် အသင်း ၁၈ သင်းကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ အာရှအဆင့်သတ်မှတ်ချက် ၈ မှ ၁၈ အထိရရှိထားသည့်အသင်းများမှာ ပထမအဆင့် ခြေစစ်ပွဲမှစတင်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းမှာ အာရှအဆင့် ၉ တွင်သာရှိသောကြောင့် ယင်းအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲအုပ်စုခွဲဝေထားမှုအရအုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ ဟောင်ကောင်၊ ပါလက်စတိုင်း၊ အုပ်စု(ဂ)တွင် တရုတ်(တိုင်ပေ)၊ အီရန်နှင့်လာအိုတို့ပါဝင်ကြသည်။ မြန်မာအမျိုးသမီးအသင်းမှာ မတ် ၁၁ ရက်တွင် သီရိလင်္ကာ၊ မတ် ၁၃ ရက်တွင် ဘာရိန်း၊ မတ် ၁၅ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**




နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

မိမိအနေဖြင့် လေးစားစွာ အမှတ်ရမိပါကြောင်း၊ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင်လည်း အမျိုးသမီးများ၏ စွန့်လွှတ်အနစ်နာခံမှု၊ ဆန်းသစ်တီထွင်မှုနှင့် ခေါင်းဆောင်မှုများကြောင့် ခေတ်ကိုပြောင်းလဲစေသည့် အကျိုးသက်ရောက်မှုများ ရှိခဲ့သည်ကို လေ့လာသိရှိနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်များတွင် ဦးဆောင်ခဲ့ကြသည့် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များလည်း အထင်အရှားရှိခဲ့ပါကြောင်း၊ ယနေ့ကမ္ဘာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ကျား၊ မ တန်းတူရေး၊ အမျိုးသမီးများခွဲခြားဆက်ဆံမှုပပျောက်ရေး အစရှိသော အမျိုးသမီးများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုကျော်လွန်ပြီး ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စများကို ဖြေရှင်းနိုင်ရန်နှင့် ကမ္ဘာ့လူ့အသိုက်အဝန်းတွင် ကြုံတွေ့နေရသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအဖြေရှာနိုင်ရန်အထိ ဦးဆောင်ပါဝင်လာနိုင်ကြပြီဆိုသည်ကို မြင်တွေ့နေရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်၌ ဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေခံ၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေရသော နိုင်ငံတစ်နိုင်ငံတွင် အမျိုးသား၊ အမျိုးသမီး တန်းတူညီရေးသည်လည်း အလွန်အရေးကြီးပြီး အခြေခံကျသည့် ကိစ္စရပ်တစ်ခုပင်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ နိုင်ငံရေးတွင် တန်းတူညီမျှပါဝင်နိုင်ရေးအပြင် စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများ၌ တန်းတူညီမျှရရှိရေးကိုလည်း ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အသွင်ကူးပြောင်းခါစ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် လူဦးရေ ထက်ဝက်ကျော်ကို ကိုယ်စားပြုထားသည့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်ကို မိမိအနေဖြင့် လေးနက်စွာ အသိအမှတ်ပြုပါကြောင်း၊ ယနေ့လက်ရှိ နိုင်ငံရေးအခင်းအကျင်းတွင်လည်း မြန်မာအမျိုးသမီးများအနေဖြင့် ဦးဆောင်ပါဝင် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးဘက်တွင် ပြည်ထောင်စုအဆင့်ဝန်ကြီးတာဝန်ကို ထမ်းဆောင်နေကြသည့် အမျိုးသမီးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ ရှိနေပါကြောင်း။

အမျိုးသမီးဝန်ကြီးများအနေဖြင့် ပြည်ထောင်စုအဆင့် ပြုပြင်ပြောင်းလဲရေးများကို ဦးဆောင်လုပ်ကိုင်နေကြပြီဖြစ်ပါကြောင်း၊ ဥပဒေပြုရေးဘက်တွင်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များ၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ခေတ်နှင့် လိုက်လျောညီထွေရှိမည့် ဥပဒေများ ပြင်ဆင်သတ်မှတ်နိုင်ရန် အမျိုးသမီးများက ဦးဆောင်တင်သွင်းခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင် ပိုမိုထိရောက်သည့် မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်ပေးနိုင်ရန်အတွက် ကော်မတီများဖွဲ့စည်းထားရှိရာတွင် အမျိုးသမီးများ၏ ပါဝင်ဦးဆောင်မှုကို အလေးအနက်ထားထည့်သွင်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် အမျိုးသမီးများ၏ တစ်တပ်တစ်အား ပါဝင်မှုအင်အားဖြင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးသည် ပိုမိုမြန်ဆန်ထိရောက်စေမည်ဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးများဖိုရမ် ၂၀၁၄ ၏ ဦးတည်ချက်ဖြစ်သည့် "အမျိုးသမီးများသည် အသွင်ကူးပြောင်းဆဲကာလ လူ့ဘောင်အဖွဲ့အစည်းအတွက် တွန်းအားတစ်ခုဖြစ်စေရေး"ဟူသည့် ဦးတည်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နေသကဲ့သို့ ရှိနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အလားတူ မြန်မာအမျိုးသမီးများကို အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ အမျိုးသမီးများစွမ်းပကားမြှင့်တင်ရန်စသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ကိုလည်း ဖွဲ့စည်းထားရှိပြီး အမျိုးသမီးများ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် တက်ညီလက်ညီ ပူးပေါင်းလက်တွဲကာ လိုအပ်သည့်အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသမီးများဘဝ လုံခြုံစိတ်ချရစေရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူမှုဝန်ထမ်းဦးစီးဌာနကို သီးခြားဖွဲ့စည်းပြီး လုပ်ငန်းစဉ်(၈)ရပ်သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေးကို ပိုမိုအားစိုက်ဆောင်ရွက်နိုင်ရန်နှင့် ကျား၊ မ ဆိုင်ရာအရေးကိစ္စရပ်များအတွက် Gender Department ကိုလည်း ဖွင့်လှစ်ထားရှိနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အမျိုးသမီးများအခွင့်အရေး တန်းတူရရှိရေးကို အထူးကြိုးပမ်းဆောင်ရွက်ကြရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း၊ အမျိုးသမီးအရေးကိစ္စရပ်များနှင့် အမျိုးသား၊ အမျိုးသမီး တန်းတူညီရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များကိုလည်း မိမိတို့အစိုးရအနေဖြင့် ရယူလျက်ရှိပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံသားတိုင်း တန်းတူညီမျှ အခွင့်အရေး ရရှိစေရေးဟူသည့် ခေါင်းစဉ်အောက်၌ အမျိုးသမီးများ၏ ရပိုင်ခွင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သွားမည်ကို ကတိပြုပြောကြားလိုပါကြောင်း။

မြန်မာအမျိုးသမီးများအနေဖြင့် မည်သည့်အကြောင်းအရင်းများ၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့်မျှ မိမိ၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကို မဆုံးရှုံးစေရန်အတွက် မိမိတို့ အစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်သွားမည်ကိုလည်း ထပ်လောင်းပြောကြားလိုပါကြောင်း။

ပထမအကြိမ် Global Women's Forum ကြီးမှတစ်ဆင့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်သက်ဆိုင်သော အရေးကြီးသည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များကို ရရှိခဲ့ပါကြောင်း၊ ထိုက်သင့်သည့် အကောင်အထည်ဖော်မှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းနေသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် "အမျိုးသမီးသည် အသွင်ကူးပြောင်းဆဲကာလ လူ့ဘောင်အဖွဲ့အစည်းအတွက် တွန်းအားတစ်ခုဖြစ်စေရေး"ဟူသည့် မူဘောင်ဖြင့် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးများဖိုရမ် ဆွေးနွေးပွဲကို လက်ခံကျင်းပသွားရန်အတွက် အလွန်သင့်လျော်ပါကြောင်း၊ အပြုသဘောဆောင်သည့် လက်တွေ့ကျသည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များပေါ်ထွက်လာနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အမျိုးသမီးဖိုရမ်အဖွဲ့၏ အမှုဆောင်အရာရှိချုပ် Ms. Jacqueline Franjou က မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးရေးဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အမျိုးသမီးဖိုရမ်အဖွဲ့အမှုဆောင်အရာရှိချုပ် Ms.Jacqueline Franjou နှင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Thierry Mathou နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မီးသတ်တပ်ဖွဲ့၏ အစဉ်အလာကောင်းများ ထိန်းသိမ်း

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသော မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ မီးသတ်ဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန် (၄)ရပ်အပြင် မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များအနေဖြင့် စွမ်းဆောင်ရည်များကို မြှင့်တင်သွားကြရန်နှင့် မီးသတ်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဆတက်ထမ်းပိုးကြိုးစားဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖင်လန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖင်လန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာကီဆာကာရီ တိုမီယိုဂျာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# (၆၇) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၇)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၈ ရက် (၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိလည်းကောင်း၊ သဘောရေးဖြေပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ လည်းကောင်း၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အာဂုံပြန်ဆိုပွဲသို့ သာသနာ့အာဇာနည် အရှင်မြတ်အပါး ၂၀၀ ဝင်ရောက်ပြန်ဆိုတော်မူကြမည်ဖြစ်ပြီး သဘောရေးဖြေပွဲသို့ အပါး ၁၆၀ ဝင်ရောက်ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ခြင်းစီမံကိန်း မြန်မာနိုင်ငံအတွက် နည်းပညာနှင့် အလုပ်အကိုင်များပိုမိုရရှိမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ခြင်းစီမံကိန်းအား ယခုနှစ်ဦးပိုင်းတွင် စတင်ခဲ့ပြီး စီမံကိန်း၏ ပထမအဆင့်ကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ပြီးစီးရန်လျာထားပြီး သတ်မှတ်ချိန်အတိုင်းပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် စီမံကိန်းပထမအဆင့်၏ မြေဧရိယာထက်ဝက်ခန့်တွင် နိုင်ငံပေါင်းကိုးနိုင်ငံမှ ကုမ္ပဏီ ၂၈ ခုအား နေရာချထားပေးပြီးဖြစ်သည့်အပြင် ယင်းတို့အနက် အချို့ကုမ္ပဏီများ၏ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်မည်ဖြစ်သည်။

အဆိုပါ ရင်းနှီးတည်ဆောက်ခြင်းစီမံကိန်းကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်တို့ အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်ကို နိုဝင်ဘာ ၁၂ ရက်က နေပြည်တော်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ သီလဝါ အထူးစီးပွားရေးဇုန်တွင် လုပ်ငန်းအခြေချလုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများအနေဖြင့်လည်း အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုရန် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်မှ စီစဉ်ဆောင်ရွက်မည်ဟု ဆိုထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်နိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်သဖြင့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်စိတ်ချ ကျေနပ်မှုပြည့်ဝစွာဖြင့် ရင်းနှီးမြှုပ်နှံနိုင်ခြင်းသည် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သောကြောင့် သီလဝါအထူးစီးပွားရေးဇုန်အား လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုကင်းစင်သော အထူးစီးပွားရေးဇုန်ဖြစ်စေရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာ-ဂျပန် သီလဝါဒီဗလော့မန့်လီမိတက်မှ အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ Japan International Corporation Agency (JICA)၊ Myanmar Thilawa SEZ Holdings Public Limited (MTSH) နှင့် MMS Thilawa Development Limited (MMSTD) တို့မှ ရှယ်ယာပါဝင်ထားသည့် ရင်းနှီးတည်ဆောက်သူကုမ္ပဏီဖြစ်သည့် Myanmar Japan Thilawa Development Limited (MJTD) (မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းသည် နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာတစ်ဝန်းမှ ကုမ္ပဏီများနှင့် စက်မှုလုပ်ငန်းများအား ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသော စီမံကိန်းဖြစ်သည်။ ယင်းစီးပွားရေးဇုန်ကို အမှီပြု၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးလာနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက်လည်း နည်းပညာနှင့် ပတ်သက်သည့် အကျိုးအမြတ်များ ရရှိစေနိုင်မည်ဖြစ်သည်။

**ရာမည(ကြေးမုံ)**



# နေပြည်တော်ကောင်စီနယ်မြေအတွင်း အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ရှင်းလင်း


**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာ ရှင်းလင်းပွဲများကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ လည်းကောင်း ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်က အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း လက်စွဲစာစောင်တွင် ပါဝင်သည့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မဲစာရင်းပြုစုခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းရှင်းလင်းပွဲများသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



*"ကိုယ့်မြို့ကိုယ့်ဒေသ ရပ်ရေးရွာရေးလုပ်နိုင်တဲ့သူ ရွေးပေးဖို့လိုပါတယ်။ ပြည်သူပူးပေါင်းပါဝင်ခွင့်ရတဲ့ စည်ပင်ရွေးကောက်ပွဲတွေ နှစ်ပေါင်း ၆၀ ကျော်အကြာမှာ ပြန်လည်ကျင်းပနိုင်တာပါ"*

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ရန်ကုန်မြို့တော်ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် တွေ့ဆုံခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်မြူနီစီပယ်ရွေးကောက်တင်မြှောက်ခြင်းကို နောက်ဆုံးကျင်းပခဲ့ပြီး ထိုနောက်ပိုင်းမှစ၍ ရွေးကောက်ပွဲများ ကျင်းပခြင်းမရှိဘဲ အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းခြင်းများကိုသာ ပြုလုပ်ခဲ့သည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ မကျင်းပနိုင်ခဲ့သည့် စည်ပင်သာယာ ရွေးကောက်ပွဲများ ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ ရန်ကုန်မြို့တော်ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲတွေ ပြုလုပ်တော့မယ်ဆိုတော့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေပြောပြပေးပါ။**

ဖြေ။ ။ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအခန်း (၂) "ဖွဲ့စည်းခြင်း" ပုဒ်မ ၃ မှာ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နမိတ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မတီကို နိုင်ငံသားအဖွဲ့ဝင် ကိုးဦးနဲ့ ဖွဲ့စည်းရမယ်။ နိုင်ငံတော်သမ္မတက မြို့တော်ဝန်အဖြစ် ခန့်အပ်ထားတဲ့ဝန်ကြီးက ဥက္ကဋ္ဌ၊ စည်ပင်သာယာနယ်နမိတ်အတွင်းမှာရှိတဲ့ ခရိုင်လေးခရိုင်က တစ်ခရိုင်လျှင် ကိုယ်စားလှယ်တစ်ဦးကျစီက ရွေးကောက်တင်မြှောက်သူ လေးဦး၊ အစိုးရက ခန့်အပ်တာဝန်ပေးသူ လေးဦး စုစုပေါင်း ရှစ်ဦးက ကော်မတီဝင်များအဖြစ် ဖွဲ့စည်းရန်ပြဋ္ဌာန်းထားတယ်။ ပုဒ်မ ၈ နဲ့ ၉ မှာ ခရိုင်စည်ပင်သာယာရေးကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှာ ရပ်မိရပ်ဖတွေက ရွေးကောက်တင်မြှောက်သူတစ်ဦးက ဥက္ကဋ္ဌ၊ အတတ်ပညာရှင် အသိပညာရှင်တွေက



**ရန်ကုန်မြို့တော် ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး။**

ရွေးကောက်တင်မြှောက်သူတစ်ဦးနဲ့ လူမှုရေးအဖွဲ့အစည်းများက ရွေးကောက်တင်မြှောက်သူတစ်ဦးတို့က အဖွဲ့ဝင်၊ ရာထူးအလျောက် သက်ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးက အဖွဲ့ဝင်၊ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးက အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားပါတယ်။

**မေး။ ။ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်း ဦးရေ ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ကိုယ်စားလှယ်လောင်း ၃၀၅ ဦး၊ အမျိုးသမီး ၃၂ ဦး ပါဝင်ပါတယ်။ ကော်မရှင်စိစစ်မှု မကိုက်ညီတာ ခုနစ်ဦး၊ ရုတ်သိမ်းသွားတာ ခုနစ်ဦး၊ ၁၄ ဦးလျော့သွားတော့ ၂၉၁ ဦးကျန်တယ်။ နှစ်ဦးက အယူခံပြန်တင်ပါတယ်။

**မေး။ ။ရွေးကောက်ခံမယ့် ကိုယ်စားလှယ်လောင်းတွေကို မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်တွေမှာ ကန့်သတ်ထားတာရှိပါသလား။**

ဖြေ။ ။မဲဆွယ်စည်းရုံးရေးတွေမှာ ငွေကြေးသုံးစွဲမှုကိုတော့ မကန့်သတ်ထားပါဘူး။ တည်ဆဲဥပဒေနဲ့ အညီတော့ ဖြစ်ရပါမယ်။ ရွေးကောက်ပွဲမကျင်းပမီ တစ်ရက်အလိုအထိ မဲဆွယ်စည်းရုံးလို့ရပါတယ်။ ဒီဇင်ဘာလထဲမှာ ကိုယ်စားလှယ်လောင်းတွေက လှည့်လည်မဲဆွယ်စည်းရုံးတာတွေ လုပ်ပါလိမ့်မယ်။

**မေး။ ။အများပြည်သူက မဲပေးရမယ့်ပုံစံကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။စည်ပင်သာယာနယ်နမိတ်အတွင်းမှာရှိတဲ့ မြို့နယ် ၃၃ မြို့နယ်မှာ ရပ်ကွက်ကျေးရွာအုပ်စုအလိုက် ဆန္ဒမဲပေးမယ့် မဲဆန္ဒရှင် ဦးရေပေါ်မူတည်ပြီး မဲရုံများကိုထားရှိပေးထားပါမယ်။ ဆန္ဒမဲပေးရမယ့်စနစ်က ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတိုင်း ဆိုသော်လည်း အနည်းငယ် သတိပြုရမယ့်အချက်ရှိပါတယ်။ အဆင့်သုံးဆင့်ခွဲခြားထားတာဖြစ်တဲ့အတွက် မဲဆန္ဒရှင်တစ်ဦးက မဲရုံအတွင်းရှိ နေရာသုံးနေရာ တစ်ဆက်တည်း မဲပေးရမှာပါ။ တစ်အိမ်ထောင် တစ်ယောက်မဲပေးဖို့စာရင်းပြုစုထားပြီး မဲပေးတဲ့အခါ မှတ်ပုံတင်ယူဆောင်သွားပြီး မဲစာရင်းပါ မပါ တိုက်ကြည့်မယ်။ မှန်ကန်ရင် သက်ဆိုင်ရာနေရာမှာ လက်မှတ်ရေးထိုးပြီး(မထိုးတတ်ရင် လက်ဝဲလက်မလက်ဗွေနှိပ်)ဆန္ဒမဲလက်မှတ် တစ်စောင်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒမဲပေးနိုင်တဲ့အခန်းမှာ ဆန္ဒမဲပေးလိုသူရဲ့ အမည်နဲ့တည့်တည့်ရှိတဲ့ လေးထောင့်ကွက်ထဲမှာ အမှန်ခြစ်ဆန္ဒပြုပြီး မဲပုံးထဲထည့်ရမှာဖြစ်ပါတယ်။

**မေး။ ။ လွတ်လပ်ပြီး တရားမျှတမှုရှိစွာ ကျင်းပပေးနိုင်ဖို့ ရှိ၊ မရှိကို အများပြည်သူက သိရှိချင်ကြပါတယ်။ အဲဒီအပေါ်ကိုလည်း ဖြေကြားပေးပါ။**

ဖြေ။ ။ လွတ်လပ်ပြီး တရားမျှတမှုရှိစွာ ကျင်းပပေးမှာဖြစ်ပါတယ်။ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ပါတယ်။ ကော်မရှင်အနေနဲ့ကိုယ်စားလှယ်လောင်းတွေကို ချပေးလိုက်တာပဲဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းတွေအနေနဲ့ လိုက်ကြည့်နိုင်တယ်။ စောင့်ကြည့်နိုင်တယ်။ မီဒီယာတွေအနေနဲ့လည်းလိုက်ကြည့်နိုင်တယ်။ ဒါပေမယ့် မဲပေးတဲ့ သူတွေကိုတော့ အနှောင့်အယှက်မဖြစ်ရဘူးပေါ့။ မဲဆန္ဒပေးပြီးလို့ မဲရေတွက်တာ လာကြည့်လို့ရတယ်။ အများရှေ့မှာ ရေတွက်မှာဖြစ်ပါတယ်။ ပယ်မဲနဲ့ပတ်သက်တာတွေကိုလည်း သတ်မှတ်ချက်ပါပြီးသားပါ။ မဲရုံမှူးတွေရဲ့ ဆုံးဖြတ်ချက်နဲ့အညီပေါ့။ မဲရုံမှူးတွေကို စနစ်တကျသင်တန်းပေးထားပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးကြပါ။ ပြည်သူပူးပေါင်းပါဝင်ခွင့်ရလာပြီး ပြည်သူ့ဘက်ကကြည့်ရင် အရမ်းကောင်းပါတယ်။ကိုယ့်မြို့ကိုယ့်ဒေသ ရပ်ရေးရွာရေးလုပ်နိုင်တဲ့သူ ရွေးချယ်ဖို့ လိုပါတယ်။ ပြည်သူပူးပေါင်းပါဝင်ခွင့်ရတဲ့ စည်ပင်ရွေးကောက်ပွဲတွေနှစ်ပေါင်း ၆၀ ကျော်အကြာမှာပြန်လည် ကျင်းပနိုင်တာပါ။ ပြည်သူ့ဆန္ဒနဲ့အညီ ရွေးချယ်မှာဖြစ်လို့ မိမိဒေသရဲ့ ကိုယ်စားလှယ်အနေအထားကို ဂယနဏလေ့လာဖို့ လိုပါတယ်။လုပ်တတ်ကိုင်တတ်သူတွေ ရွေးနိုင်ဖို့လိုပါတယ်လို့ ပြောချင်ပါတယ်။ ။

**အိရှေ့စင်ဝင်း**



ဒီဇင်ဘာ ၄ ရက်က မြန်မာ့မီးရထားပုဇွန်တောင်နှင့် ရန်ကုန်ဘူတာကြီးလမ်းပိုင်း လမ်းသားမြှင့်တင်ပြုပြင်လျက်ရှိစဉ်။ (သန့်ဇင်ဝင်း)

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Petrovietnam Exploration Production OVERSEAS Co.,Ltd. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M2 တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Drilling Unit ENSCO 104 ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၁၅ ခုနှစ် မတ် ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ ဧရိယာတည်နေရာများမှာ Point W1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ် ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၄ မိနစ် ၄၁ စက္ကန့်၊ Point W2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၄ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၄ မိနစ် ၄၀ စက္ကန့်၊ Point W3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၄ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၃၈ စက္ကန့်နှင့် Point W4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၃၉ စက္ကန့်အတွင်းဖြစ်သည်။

သို့ဖြစ်ပါ၍ တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Drilling Unit ENSCO 104 ဖြင့် ဆောင်ရွက်နေစဉ် လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ဆွေးနွေးပွဲတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၅**။ ။ကမ္ဘောဒီးယားနိုင်ငံ ဆိုင်ရမ်ရိပ်မြို့၌ ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည့် အာဆီယံ-ကိုရီးယားအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် လူငယ်များနှင့် အမျိုးသမီးများပါဝင် ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်စန္ဒာထွန်း၊ အသင်းဝင် ဒေါ်သီတာနိုင်၊ ဒေါက်တာ သဲမြတ်စိုး၊ ဒေါ်ပန်းအိဖြူတို့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်းသိရသည်။ **(စွမ်းဆောင်ရှင်အသင်း)**



မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုချီးမြှင့်ပွဲများကို ၁၉၅၂ ခုနှစ်မှာ စတင်ချီးမြှင့်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၈၇ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်နားထားခဲ့ပြီး ၁၉၈၉ ခုနှစ်မှ စတင်၍ ပြန်လည်ကျင်းပခဲ့ရာ ယနေ့ ယခုအချိန်တိုင် ဖြစ်ပေတော့သည်။ အကယ်ဒမီထူးချွန်ဆုများကို ၁၉၅၂ ခုနှစ်၊ ၁၉၅၃ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်များတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအဖြစ် ချီးမြှင့်ခဲ့ပြီး ၁၉၅၅ ခုနှစ်မှ စတင်၍ ဆုတစ်ဆုချင်းစီသာ ရွှေစင်ရုပ်တုဆုများ ချီးမြှင့်တော့သည်ကိုသာ တွေ့မြင်ရပါတော့သည်။

**မြန်မာ့ရုပ်ရှင် ထူးချွန်ဆုမှတ်တမ်း**

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းသည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် ရုပ်ရှင်ထူးချွန်ဆု သုံးမျိုး သတ်မှတ်ချီးမြှင့်ခဲ့သည်။ ပထမအကောင်းဆုံး ဇာတ်ကားဆု (ရွှေကိန္နရီရုပ်)၊ ဒုတိယအကောင်းဆုံးဇာတ်ကားဆု (ငွေဒေါင်းရုပ်)၊ တတိယအကောင်းဆုံးဇာတ်ကားဆု (ကြေးခြသေ့်ရုပ်)၊ အကောင်းဆုံးအမျိုးသားပညာရှင်ဆု(ရွှေရင်ထိုး)၊ အကောင်းဆုံးအမျိုးသမီး ပညာရှင်ဆု (ရွှေရင်ထိုး) ဆုများကို ချီးမြှင့်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာထူးချွန်ဆုကိုပါ တိုးမြှင့်ချီးမြှင့်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဇာတ်ကားထူးချွန်ဆုကို ပထမ၊ ဒုတိယ၊ တတိယဆုဟူ၍ မခွဲခြားတော့ဘဲ အကောင်းဆုံးဇာတ်ကားတစ်ဆုတည်းကိုသာ ချီးမြှင့်ခဲ့သည်။


၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု တစ်ဆုကိုပါ ထပ်မံတိုးမြှင့်ခဲ့သည်။ ဆုပုံသဏ္ဍာန်ကိုလည်း ရွှေရင်ထိုးတံဆိပ်မှ ရွှေကိန္နရီရွှေစင်ရုပ်သို့ စတင်ပြောင်းလဲချီးမြှင့်ခဲ့သည်။

# ပထမဆုံးရုပ်ရှင်အကယ်ဒမီဆုရ မာလာရီရုပ်ရှင်ဇာတ်ကား

**အိုးဝေခင်မောင်ကွန့်**

၁၉၆၂ ခုနှစ်မှစ၍ အမျိုးသား ပညာရှင်ဆုနှင့် အမျိုးသမီးပညာရှင်ဆုများကို အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆုဟူ၍ ထပ်မံခွဲခြားကာ ထူးချွန်ဆုအရေအတွက်ကို တိုးမြှင့်ချီးမြှင့်ခဲ့သည်။

၁၉၉၀ ခုနှစ်မှစ၍ ရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆု၊ ရုပ်ရှင်တေးဂီတထူးချွန်ဆုနှင့် ရုပ်ရှင်အသံထူးချွန်ဆုတို့ကိုပါ ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့သည်။ ယခုအခါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၂ ဆုအထိ တိုးမြှင့်သတ်မှတ်ခဲ့ရာ ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆု၊ ရုပ်ရှင်တည်းဖြတ်ဆု၊ ရုပ်ရှင်ကလေးသရုပ်ဆောင်ဆုတို့ကို ရွေးချယ်ချီးမြှင့်ပေးအပ်ရန် သတ်မှတ်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ နှစ်အလိုက် ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားနှင့် ထူးချွန်ဆုရအနုပညာရှင်၊ အတတ်ပညာရှင်များစာရင်းမှာ ၁၉၅၂ ခုနှစ် ဇာတ်ကားဆုတွင် အေဝမ်းဖလင်မှ ချစ်သက်ဝေရုပ်ရှင်ဇာတ်ကားက ပထမဆု၊ အောင်ဇေယျရုပ်ရှင်မှ မယားနဲ့လူပျို ရုပ်ရှင်ဇာတ်ကားက ဒုတိယဆုနှင့်



ဗြိတိသျှဘားမားရုပ်ရှင်မှ ချစ်၍ခေါ်ရာ ဇာတ်ကားက တတိယဆုရရှိသွားကြောင်း၊ ထိုနှစ် ပထမအကောင်းဆုံး အမျိုးသားပညာရှင်ရုပ်ရှင်ဆု အကယ်ဒမီဆုကို ဒါရိုက်တာရွှေဒုံးဘီအောင်ရိုက်ကူးခဲ့သော မာလာရီဇာတ်ကားတွင် ခေါင်းဆောင်ပါဝင်ခဲ့သော မင်းသားကျော်ဝင်းက အကောင်းဆုံးပညာရှင် အကယ်ဒမီဆုကို ဆွတ်ခူးရရှိခဲ့သည်။ ထိုနှစ်အတွက် အမျိုးသမီးပညာရှင်ဆုကို ချစ်သက်ဝေ ရုပ်ရှင်ဇာတ်ကားမှ ကြည်ကြည်ဌေးက ဆွတ်ခူးရရှိသွားခဲ့သည်။ ၁၉၅၃ ခုနှစ် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု အေဝမ်းဖလင်မှ ရတနာပုံရုပ်ရှင်ဇာတ်ကားက ပထမဆု၊ ဗြိတိသျှဘားမားရုပ်ရှင်မှ သည်ဆောင်းဟေမာန်ရုပ်ရှင်ဇာတ်ကားက ဒုတိယဆုနှင့် အေဝမ်းဖလင်မှ မြပေဟဝန်ရုပ်ရှင်ဇာတ်ကားက တတိယဆု အသီးသီးရရှိသွားခဲ့ကြသည်။ ထိုနှစ်တွင် အမျိုးသားပညာရှင်ဆုကို ရတနာပုံရုပ်ရှင်ဇာတ်ကားမှ မောင်တင်မောင်ကလည်းကောင်း၊ အမျိုးသမီးပညာရှင်ဆုကို ပွဲခါညောင်ရေရုပ်ရှင်ဇာတ်ကားမှ မေမြင့်ကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။

၁၉၅၄ ခုနှစ် အကောင်းဆုံးဇာတ်ကားဆုတွင် ပထမဆုမရှိဘဲ ဒုတိယဆုကို ဗြိတိသျှဘားမားရုပ်ရှင်မှ ဩော်မိန်းမဇာတ်ကားက ရရှိသွားခဲ့ပြီး တတိယဆုကို အေဝမ်းဖလင်မှ အကျော်အမော် ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိသွားခဲ့သည်။ ထိုနှစ်တွင် ဒါရိုက်တာဆုကို ဩော်မိန်းမ ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာဦးသုခက ရရှိသွားခဲ့ပြီး အမျိုးသမီးပညာရှင်ဆုကို မေမေရုပ်ရှင်ဇာတ်ကားမှ အမေပုက ဆွတ်ခူးရရှိသွားခဲ့ကြောင်း ရှေးဦးပထမဆုံး ရုပ်ရှင်အကယ်ဒမီဆုများအကြောင်းကို ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

# ပဲခူးတွင် ဆွဲကြိုးဖြတ်တရားခံအား မိနစ်ပိုင်းအတွင်း ဖမ်းဆီးရမိ

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးမြို့အမှတ်(၂)နယ်မြေရဲစခန်းအပိုင်တွင် ဒီဇင်ဘာ ၄ ရက်က ဆွဲကြိုးဖြတ်တရားခံတစ်ဦးအား မိနစ်ပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

အမှတ်(၂)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းထွန်း၊ နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ခိုး၊ ဆိုး၊ နှိုက်သူများဝင်ထွက်သွားလာတတ်သည့် နေရာများအား သတင်းရယူစောင့်ကြည့်နေစဉ် ရန်ကုန်-မန္တလေးရထားလမ်းအတိုင်း ကျွန်းသာယာရပ်ကွက်အနီး မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ရထားလမ်းအတိုင်း သွားလာနေသူတစ်ဦးအား မသင်္ကာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ပြီး ၎င်း၏ခန္ဓာကိုယ်အား သက်သေများရှေ့တွင် ရှာဖွေရာ ၎င်း၏ဘယ်ဘက်လက်တွင် ကိုင်ထားသော အရိုးအသွားခြောက်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် ဘောင်းဘီအတွင်းမှ အလေးချိန် ငါးမူးသားခန့်ရှိ လောကတ်သီးပါ အမျိုးသမီးဝတ်ဆွဲကြိုးတစ်ကုံး တွေ့ရှိ၍ သက်သေများရှေ့တွင် သိမ်းဆည်းပြီး စစ်ဆေးရာ ၎င်းမှာခန့်စည်သူထွန်း(ခ)ကိုခန့် ဖောင်တော်ဦးကွက်သစ် ဖိုင်း/တောင်ရပ်ကွက်နေသူဖြစ်ကြောင်းနှင့် ရန်ကုန်-မန္တလေးမီးရထားလမ်း တံတားအမှတ်(၅၉)အနီးတွင် ဈေးသွားသော အမျိုးသမီးတစ်ဦး၏ လည်ပင်းမှ ဆွဲကြိုးအားဖြတ်၍ ထွက်ပြေးလာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားသည်။ **(ဝ၇၅)**



# ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြား ၄ ဒသမ ၄ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မူးယစ်တပ်ဖွဲ့စု(၅)ကလေးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက်က သတင်းအရ ကလေးမြို့ တာဟန်းနယ်မြေ (၁၁) YCW ဘော်ဒါဆောင်အနီး စောင့်ဆိုင်းနေစဉ် ကလေး-လက်ပံချောင်းဘက်မှ မော်တော်ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားတစ်ဦးသည် ပူးပေါင်းအဖွဲ့အား မြင်တွေ့၍ မော်တော်ဆိုင်ကယ်လှဲချကာ ထွက်ပြေးသွားခဲ့သဖြင့် ဆိုင်ကယ်အား ကလေးမြို့မရဲစခန်းသို့ သယ်ဆောင်ပြီး စစ်ဆေးရာ ဆာလာအိတ်နှစ်အိတ်ဖြင့် ထုပ်ပိုးထားသော ဆူဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြား ၄ ဒသမ ၄ သိန်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် ကလေးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရအရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ရမည်းသင်းမြို့မရဲစခန်းမှ ဖော်ထုတ်ရမိ မော်တော်ဆိုင်ကယ် ၂၅ စီးအား နေပြည်တော်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်

**ရမည်းသင်း ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ ဓမ္မာရုံခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ရမည်းသင်းမြို့မရဲစခန်း (ပ) ၃၆၇/၂၀၁၄၊ ပြစ်မှုပုဒ်မ (၃၇၉/၅၄) အမှုဖြင့် ရမည်းသင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ဖော်ထုတ်သိမ်းဆည်းရမိသည့် မော်တော်ဆိုင်ကယ် ၂၅ စီးအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် နေပြည်တော်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ခိုးယူသူ ညဏ်လင်းအောင်က ထနောင်းကုန်းကျေးရွာ ရွာသူရွာသားများထံ ရောင်းချထားရာမှ လိုက်လံသိမ်းဆည်းရမိသော ဆိုင်ကယ် ၂၅ စီးအား ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဝင်းက နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းအား လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ရဲမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**






ပရီမီယာလိဂ်ပွဲစဉ် (၁၅) ကို ဒီဇင်ဘာ ၆၊ ၇၊ ၉ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆိုပါ ပွဲစဉ် မတိုင်ခင်မှာ ပွဲစဉ် (၁၄) ကို နီးနီးကပ်ကပ်ယှဉ်ပြိုင်မှာဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေရှိလာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်စီးတီးနဲ့ အဲဗာတန်၊ ဆောက်သမ်တန်နဲ့ မန်ယူတို့ ဆုံတွေ့နေလို့ အကြိုတ်အနယ်ရှိမှာပါ . . . . .

# ပရီမီယာလိဂ် ရင်ခုန်သံ -၁၅

ရှိုင်း မင်း မင်း

**နယူးကာဆယ်-ချယ်လ်ဆီး ည ၇:၁၅ (၆-၁၂-၁၄)**

ဆန်းဒါးလန်းနဲ့ သရေကျခဲ့ရတဲ့အတွက် ချယ်လ်ဆီးတို့ အမှားခံမှာ မဟုတ်ဘူး။ ဒါပေမယ့် ကြားရက်မှာ စပါးနဲ့ ကစားခဲ့ရလို့ ပွဲပန်းနိုင်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဦးမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ ခက်ပါတယ်။ နယူးကာဆယ်ကလည်း အသင်းကောင်းတစ်သင်းဖြစ်တဲ့အတွက် ချယ်လ်ဆီးအနိုင်ပြတ်သားဖို့ ခက်မယ်။

**ဟားလ်စီးတီး - ဝက်စ်ဘရွန်း ည ၉:၃၀ (၆-၁၂-၁၄)**

လေးပွဲဆက်တိုက်ရှုံးခဲ့တဲ့ ဟားလ်စီးတီးရဲ့ခြေကအတော်ကလေးအားနည်းတယ်။ အထူးသဖြင့် အဆိုပါလေးပွဲမှာ စုစုပေါင်းတစ်ဂိုးသာသွင်းနိုင်ခဲ့တဲ့အတွက် တိုက်စစ်ပိုင်းက အားနည်းလွန်းတယ်။ ဝက်စ်ဘရွန်းက နောက်ဆုံးသုံးပွဲဆက်ရှုံးခဲ့တာမှန်ပေမယ့် အာဆင်နယ်နဲ့ပွဲမှာ ကစားပုံမဆိုးခဲ့တာကို သတိပြုရမယ်။ ဟားလ်စီးတီးအမြင့်ဆုံး သရေလောက်ပဲရမယ်။

**လီဗာပူး-ဆန်းဒါးလန်း ည ၉:၃၀ (၆-၁၂-၁၄)**

ချယ်လ်ဆီးကို သရေကစားသွားတဲ့ ဆန်းဒါးလန်းရဲ့ခြေက ကောင်းမွန်မှုရှိတာ တွေ့ရတယ်။ အထူးသဖြင့် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ တစ်ဂိုးသာပေးခဲ့ရတဲ့ ခံစစ်ကစားပုံက ကျစ်လျစ်တယ်။ လီဗာပူးက တိုက်စစ်ပိုင်းအားနည်းမှုရှိသလို ချန်ပီယံလိဂ်ဖိအားလည်းရှိတယ်။ မထင်မှတ်ဘဲ လီဗာပူး သရေနဲ့ကျေနပ်ရနိုင်တယ်။

**ကျူပီအာ-ဘန်လေ ည ၉:၃၀ (၆-၁၂-၁၄)**

ဘန်လေရဲ့ အခုနောက်ပိုင်းရုန်းအားက တက်လာတယ်။ နောက်ဆုံးသုံးပွဲဆက်မရှုံးဘူး။ ဒါပေမယ့် ကျူပီအာရဲ့ ကစားပုံကလည်း အခုနောက်ပိုင်းမှာ အတော်ကောင်းလာတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ တိုက်စစ်က အစ ပိုမိုထက်မြက်တတ်သလို အဆင့်တူအသင်းချင်းတွေရဲ့ ပွဲမှာ အမှားခံမှာ မဟုတ်ဘူး။

**စတုတ်-အာဆင်နယ် ည ၉:၃၀ (၆-၁၂-၂၀၁၄)**

စတုတ်ကရလဒ်တွေဆိုးနေပေမယ့် ကစားပုံမဆိုးဘူး။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ရလဒ်ကောင်းဖို့ အားစိုက်လာမှာလည်း သေချာနေတယ်။ အာဆင်နယ်က ဆောက်သမ်တန်နဲ့ ကစားခဲ့ရလို့ ပွဲပန်းနေနိုင်တဲ့အပြင် ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိတယ်။ အာဆင်နယ်နိုင်ရင်တောင် ပြတ်သားဖို့ခက်တယ်။

**စပါး-ပဲလေ့စ် ည ၉:၃၀(၆-၁၂-၁၄)**

အခုနောက်ပိုင်း စပါးရဲ့ကစားပုံမဆိုးဘူး။ ဆိုဒါဒိုကလည်း ဂိုးသွင်းခြေရသွားပြီး အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် ဒီပွဲမတိုင်ခင် ချယ်လ်ဆီးနဲ့ ကစားခဲ့ရလို့ ပွဲပန်းနိုင်တဲ့အပြင် ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ကစားရဖို့ရှိတယ်။ ပဲလေ့စ်ကလည်း နှစ်ပွဲဆက် အရှုံးကင်းလာတဲ့ အနေအထားအရ စပါးနိုင်ရင်တောင် မပြတ်သားဘူး။

**မန်စီးတီး-အဲဗာတန် နံနက် ၀၀:၀၀ (၇-၁၂-၁၄)**

မန်စီးတီးအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲအဖြစ်မနိုင်မဖြစ်ကစားရမယ့်ပွဲရှိတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ မသေချာဘူး။ အဲဗာတန်ကတော့ အခု နောက်ပိုင်းမှာ ကစားပုံကောင်းလာသလို ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမှာလည်း သေချာတယ်။ မန်စီးတီးနိုင်ရင်တောင် ပြတ်သားဖို့ခက်မယ်။

**ဝက်စ်ဟမ်း-ဆွမ်ဆီး ည ၈:၀၀ (၇-၁၂-၁၄)**

ဝက်စ်ဟမ်းရဲ့ကစားပုံမဆိုးဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်တယ်။ ဆွမ်ဆီးကတော့ ကစားပုံမဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲစဉ်မှာ ရလဒ်ကောင်းဖို့ရုန်းကန်ရလေ့ရှိသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေပျောက်ဆုံးတတ်တယ်။ ဆွမ်ဆီးတို့ သရေထက်ပိုမရနိုင်ဘူးထင်တယ်။

**ဗီလာ-လက်စတာ ည ၁၀:၃၀ (၇-၁၂-၁၄)**

အောက်ဆုံးရောက်သွားတဲ့ လက်စတာရဲ့ကစားပုံက အားနည်းမှုတွေများလွန်းနေတယ်။ အထူးသဖြင့် အဝေးကွင်းခုနစ်ပွဲမှာ သုံးဂိုးသာရထားတဲ့ တိုက်စစ်က အားရစရာလုံးဝမကောင်းဘူး။ ဗီလာက ကစားပုံသာမန်သာရှိပေမယ့် ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် ဗီလာပဲအနိုင်ရဖို့ရှိတယ်။

**ဆောက်သမ်တန်-မန်ယူ နံနက် ၂:၃၀ (၉-၁၂-၁၄)**

မန်စီးတီး၊ အာဆင်နယ်တို့နဲ့ ဆက်တိုက်စားခဲ့ရတဲ့ ဆောက်သမ်တန်အနေနဲ့ ပွဲပန်းနေမှာသေချာတယ်။ မန်ယူက ဒဏ်ရာရကစားသမားတွေများနေပေမယ့် အာဆင်နယ်၊ စပါးတို့နဲ့ အမှတ်သိပ်မကွာလို့ အမှားခံမှာမဟုတ်သလို အခုနောက်ပိုင်းမှာ အသင်းလိုက်ကစားပုံလည်း ကောင်းလာတယ်။ မန်ယူကပ်နိုင်သွားနိုင်တယ်။



## Super Mokh U-12 ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ဂိုးပြတ်နိုင်

Super Mokh U-12 လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စတင်ကျင်းပရာ မြန်မာလူငယ်အသင်းမှာ ဂိုးပြတ်နိုင်ပွဲများ ရယူနိုင်ခဲ့သည်။

မြန်မာယူ-၁၂ အသင်းမှာ ပထမနေ့တွင် နှစ်ပွဲယှဉ်ပြိုင်ခဲ့ရပြီး နံနက်ပိုင်းတွင် တောင်ကိုရီးယား ယူ-၁၂ အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို လမင်းထွေးက သုံးဂိုး၊ ဇော်ဝင်းသိန်း-နှစ်ဂိုး၊ ဝေယံစိုး၊ ရွှေကိုနှင့် နောင်နောင်စိုးတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။ ညနေပိုင်းပွဲတွင် မြန်မာအသင်းက အင်ဒိုနီးရှား ယူ-၁၂ အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး လမင်းထွေးက နှစ်ဂိုး၊ အောင်မျိုးသက်၊ နောင်နောင်စိုး၊ ပိုင်စိုးဝေနှင့် ဇော်ဝင်းသိန်းတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ အုပ်စု(ဂ)တွင် တောင်ကိုးရီးယား၊ မလေးရှား၊ အင်ဒိုနီးရှားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဒီဇင်ဘာ ၆ ရက်တွင် မလေးရှားနှင့် ထပ်မံကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အာဆီယံနှင့် အာရှအသင်းများအပြင် ဥရောပထိပ်သီးကလပ်အသင်းများ၏ လူငယ်အသင်းများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ **(ဖိုးသော်ဇင်)**

## မန်ယူအသင်း လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အင်အားဖြည့်ရန် စီစဉ်နေ



**အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းကိုအားဖြည့်ရန်အတွက် ပေါင်သန်း ၁၅၀ ခန့်သုံးစွဲရန် စီစဉ်နေကြောင်း သိရသည်။**

မန်ယူအသင်းမှာ လာမည့် ဘောလုံးရာသီမတိုင်မီ ကစားသမားသစ်များကို ခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေပြီး များပြားသည့်ငွေကြေးအင်အားတစ်ရပ်ကို အသုံးပြုရန် အသင့်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် မန်ယူအသင်းမှာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပေါင်သန်း ၂၀၀ ဝန်းကျင်အထိ အသုံးပြုခဲ့သော်လည်း အသင်းမှာ ရလဒ်များဆက်တိုက်ဆိုးရွားခဲ့ပြီး ဖလားလက်မဲ့ရာသီဖြင့် ကြုံတွေ့ရန် နီးစပ်နေခြင်းဖြစ်သည်။ ထို့ကြောင့် မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်မှာ ၎င်းအလိုရှိနေသည့် ကစားသမားများကို ခေါ်ယူရန် ယခုကဲ့သို့ ငွေကြေးအင်အား မြောက်မြားစွာ သုံးစွဲရန် ပြင်ဆင်နေခြင်းဖြစ်ပြီး နာမည်ကျော်ကစားသမားအချို့ကို ပစ်မှတ်ထား စောင့်ကြည့်နေခြင်းလည်းဖြစ်သည်။ မန်ယူအသင်းမှာ လာမည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အာဂျန်ရော်ဘင်၊ စထရုမန်း၊ ဒန်နီအဲလ်ဗတ်၊ ဟမ်းမဲလ်စသည့် အရည်အသွေးမြင့် ကစားသမားများကို ခေါ်ယူရန် ဆန္ဒရှိနေပြီး နာမည်ကျော် ကစားသမားနှစ်ဦးခန့်ကို မဖြစ်မနေအားဖြည့်ခေါ်ယူသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းမှာ လာမည့် ဇန်နဝါရီကာလအတွင်း ကစားသမားသစ်များ ခေါ်ယူဖွယ်မရှိကြောင်း goal.com က ဖော်ပြခဲ့ပြီး မန်ယူနည်းပြဖြစ်သူ ဗန်ဟားလ်မှာလည်း ဇန်နဝါရီအပြောင်းအရွှေ့ ကာလအတွင်း မိမိတို့ပါဝင်ဖွယ်မရှိဟု အရိပ်အမြွက်ပြောကြားခဲ့ကြောင်း သိရသည်။ ဗန်ဟားလ်က "ကျွန်တော်တို့အသင်းဟာ လာမယ့်ဆောင်းရာသီဈေးကွက်မှာ ပါဝင်ဖို့မသေချာသေးပါဘူး။ ဒါပေမယ့် ကျွန်တော်အလိုရှိနေတဲ့ ကစားသမားအချို့ရှိပြီး လာမယ့်ဘောလုံးရာသီ မတိုင်ခင်အရခေါ်ယူသွားမှာပါ။ နောက်နှစ်မှာ ကျွန်တော်တို့အသင်းကို တောင့်တင်းတဲ့ကစားသမားစာရင်းနဲ့မြင်တွေ့ရမှာ အသေအချာပါပဲ"ဟု ပြောကြားခဲ့သည်။ **[ကိုရဲ]**



## နွေရာသီအကြိုပွဲစဉ်အဖြစ် မန်စီးတီးနှင့် ရီးယဲလ်ယှဉ်ပြိုင်ကစားမည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် လာမည့်နွေရာသီအကြိုပွဲစဉ်အဖြစ် မဲလ်ဘုန်းခရစ်ကတ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာချန်ပီယံအသင်းများဖလားပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်မှ ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနှင့် ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်း တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**[ငွေကြယ်]**

## အစ်ဆွစ်နောက်ခံလူ တိုင်ရိုနီမင်းအား ပေါင်ရှစ်သန်းဖြင့် အာဆင်နယ်ခေါ်ယူမည်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အစ်ဆွစ်နောက်တန်းကစားသမား တိုင်ရိုနီမင်းအား လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းဖြင့် အမ်းမရိတ်အရောက်ခေါ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ အာဆင်နယ်အသင်းသည် ဇန်နဝါရီဈေးကွက်တွင် ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ အထိ သုံးစွဲရန် စီစဉ်ထားပြီး အဆိုပါ အသက် (၂၁)နှစ်အရွယ်ရှိ အစ်ဆွစ်နောက်တန်းကစားသမား တိုင်ရိုနီမင်းကိုမူ ပေါင်ရှစ်သန်းအထိပေး၍ ခေါ်ယူမည်ဟုဆိုသည်။

တိုင်ရိုနီမင်းသည် အရပ်အမြင့် ၆ ပေ ၃ လက်မရှိပြီး အာဆင်နယ်နောက်ခံလူ ချမ်ဘာကဲ့သို့ စွမ်းဆောင်ရည်ကောင်းသည့် ကစားသမားတစ်ဦးဖြစ်သည့်အပြင် အာဆင်နယ်အသင်း၏ ဗဟိုခံစစ်ကြောင်းအတွက် အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာမည်ဟု နည်းပြ အာစင်ဝင်းဂါးက သုံးသပ်ထားကြောင်း သိရသည်။



ထို့ပြင် အာဆင်နယ်အသင်းသည် ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်ကိုလည်း လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**[နိုင်လင်းကြည်]**

## ၂၀၁၅-၂၀၁၆ ရာသီတွင် ဂိုးလိုင်းနည်းပညာအား ဘွန်ဒက်လီဂါအသုံးပြုမည်

ဂျာမန် ဘွန်ဒက်လီဂါသည် လာမည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဂိုးလိုင်းနည်းပညာကို အသုံးပြုတော့မည် ဖြစ်ကြောင်း သိရသည်။ ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ကလပ်အသင်း ၁၈ သင်း ပါဝင်ပြီး အဆိုပါ ၁၈ သင်းထဲမှ ၁၅ သင်းသည် ဂိုးလိုင်းနည်းပညာ အသုံးပြုရန် သဘောတူညီမှုရရှိထားပြီဖြစ်သည်။ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲတွင်မူ အဆိုပါ ဂိုးလိုင်းနည်းပညာအား ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကတည်းက အသုံးပြုထားခဲ့ပြီး ဘရာဇီးမြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဂိုးလိုင်းနည်းပညာကို အသုံးပြုခဲ့ကြောင်း သိရသည်။

# နှမ်းအထွက်နည်းပြီး ဈေးနှုန်းကျ၍ စိုက်ပျိုးစရိတ်အရင်းသာ ရရှိ



**စစ်ကိုင်း၊ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ ကျေးရွာများတွင် မိုးကိုအားထားပြီး စိုက်ပျိုးခဲ့သော မိုးနှမ်းများမှာ မြို့နယ်အတွင်း မိုးရွာသွန်းမှု မတူညီသောကြောင့် မိုးနှမ်းပေါ်ချိန်တွင် ဒေသအချို့၌ နှမ်းအထွက်နည်းခဲ့ကြောင်း သိရသည်။

ယခုနှစ်နှမ်းဈေးမှာ ဈေးနှုန်းကျဆင်းနေသောကြောင့် စိုက်ပျိုးစရိတ်အရင်းသာရရှိခဲ့ကြောင်း အောင်သာနှင့်ရွာသစ်ကျေးရွာတို့မှ နှမ်း ရောင်းချသူ တောင်သူတစ်ဦးက ပြောသည်။

မြို့နယ်အတွင်း စစ်ကိုင်း-မုံရွာ-ရွှေဘိုကားလမ်းမကြီးအနီး ဝဲယာဘက်ကျေးရွာများဖြစ်သည့် ကုန်းရွာ၊ အောင်သာ၊ ရွာသစ်၊ ကျောက်ဆည်၊ အုန်းတော၊ ရွာသစ်ကြီးကဲ့သို့ ကျေးရွာများသည် မိုးနှမ်းများစိုက်ပြီး အပင်ပေါက်အမြင့် ခြောက်လက်မခန့်တွင် မိုးရွာသွန်းမှုများခဲ့သဖြင့် အပင်ပေါက်အချို့ ယိုင်လဲ၍ အမြစ်များပေါ်ပြီး သေဆုံးခဲ့သည်။ စာရေး၊ ပဒူ၊ တောင်ရင်း၊ ကျောင်းဖြူကဲ့သို့ရွာများရှိ ယာမြေများသည် မိုးနည်းပြီး ဆင်ခြေလျှောယာကွက်များဖြစ်သဖြင့် သင့်တင့်သောအကျိုးအမြတ် ရရှိခဲ့ကြသည်။

မိုးနှမ်းများကို ကနဦးပေါ်ချိန် စစ်ကိုင်းကုန်အဝယ်ဒိုင်များတွင် နှမ်းဖြူသန့်စင်ပြီး သုံးတင်းတစ်အိတ်ကို ကျပ်တစ်သိန်းခြောက်သောင်း အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် သန့်စင်ပြီးနှမ်းဖြူဈေးမှာ စစ်ကိုင်းဈေးကွက်တွင် ကျပ်တစ်သိန်းတစ်သောင်းခွဲ၊ တစ်သိန်းနှစ်သောင်းဖြင့်သာ အရောင်းအဝယ်ဖြစ်ကြောင်း၊ သန့်စင်ပြီးနှမ်းနက်မှာ သုံးတင်းတစ်အိတ်ဈေး ကျပ်တစ်သိန်းခြောက်သောင်းမှ ကျပ်တစ်သိန်းကိုးသောင်းအထိ အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုန်အဝယ်ဒိုင်များကလည်း သယ်ယူစရိတ်နှင့် အလုပ်သမားခတွက်ပြီး မန္တလေးဈေးကွက်နှင့် အနည်းငယ်ကွာ၍ အရောင်းအဝယ်ဖြစ်ကြပြီး တောင်သူကြီးများလက်ဝယ်၌သာ နှမ်းရှိတော့ကြောင်း ကုန်အဝယ်ဒိုင်တစ်ဦး ကပြောသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ရွှေသဲမြေလူမှုကူညီရေး အသင်းသို့ မော်တော်ယာဉ်တစ်စီး လှူဒါန်း

**ခင်ဦး၊ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဝက်သဲကျေးရွာ ရွှေသဲမြေလူမှုကူညီရေးအသင်းတွင် ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ၌ အသုံးပြုနိုင်ရန်အတွက် ဦးဆန်း၊ ဒေါ်ကြည်အေးမိသားစုတို့က SURF မော်တော်ယာဉ်တစ်စီးကို ပရိယတ္တိသာသနာ့ဟိတ ကျောင်းထိုင်ဆရာတော် ဦးဩသဓထံ ဒီဇင်ဘာ ၁ ရက်က ရေစက်သွန်းချလှူဒါန်းခဲ့ကြောင်း သိရသည်။

ဝက်သဲကျေးရွာသည် ခင်ဦးမြို့နှင့် ၁၄ မိုင်ခန့်ကွာဝေးသည်။ ကျန်းမာရေးကိစ္စနှင့် လူမှုရေးကိစ္စများတွင်ပတ်ဝန်းကျင် ကျေးရွာခုနစ်ရွာမှလည်း အသုံးပြုနိုင်ရန် အကြောင်းကြားထားကြောင်း ဆရာတော်ဦးဩသဓက မိန့်ကြားသည်။

**စိုးဝေအောင်**

# အင်းတော်မြို့နယ် စီးမော်ချောင်းကူးတံတား ကြံ့ခိုင်မှု အားနည်းနေ၍ သွားလာသူများ အန္တရာယ်ရှိ

**မော်လူး၊ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စုနှင့် စီးမော်ကျေးရွာအုပ်စုတို့အား စီးမော်ချောင်းကို ဖြတ်သန်းဆက်သွယ်ထားသော ရွှေဘို-မြစ်ကြီးနား ဗျူဟာမော်တော်ကားလမ်းမကြီးပေါ်ရှိ စီးမော်ချောင်းကူးတံတားမှာ ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် အများပြည်သူများအတွက် အန္တရာယ်ရှိနိုင်ကြောင်း ဒေသခံများက ပြောသည်။

အဆိုပါတံတားမှာ ကြမ်းခင်းများပေါက်ပြဲနေခြင်း၊ တံတားလက်ရန်းတိုင်များ ခိုင်ခံ့မှုအားနည်းနေပြီး တံတားပေါ်သို့ မော်တော်ယာဉ်များ၊ ဒေသခံများ၊ ကျောင်းသား/သူများနေ့စဉ်ဖြတ်သန်းသွားလာနေကြသည်။

ယင်းစီးမော်ချောင်းတံတား (တံတားအမှတ် ၁၀/၁၆၂) သည် အရှည်ပေ ၉၀၊ အကျယ် ၁၅ ပေခန့်ရှိ သစ်သားတံတားဖြစ်ပြီး တံတားအောက်ခြေတိုင်များ၊ တံတားဘေးက လက်ရန်းတိုင်များ ခိုင်ခံ့မှုအားနည်းကာ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာစဉ် ပုခက်လွှဲသကဲ့သို့ ယိမ်းထိုးလျက်ရှိကြောင်း၊ ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ယင်းတံတားသည် ရွှေဘို-မြစ်ကြီးနား ဗျူဟာမော်တော်ကားလမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း ဆက်သွယ်သွားလာရေးတွင် အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားယိမ်းယိုင်ပျက်စီးသွားပါက ကွင်းလမ်းအခက်အခဲရှိသည့်အတွက် မိုးလေကင်းစင်ပြီး ချောင်းရေနည်းပါးချိန်တွင် ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ပြုလုပ်သင့်ကြောင်း ဒေသခံများက အကြံပြုသည်။

တံတားကြံ့ခိုင်မှု အားနည်းနေသည့်အတွက် တံတားပေါ်သို့ ဖြတ်သန်းမောင်းနှင်ကြသည့် ကုန်တင်မော်တော်ယာဉ်တန်းများ ဖြတ်သန်းရာတွင် တစ်စီးပြီးမှတစ်စီး ဖြတ်သန်းနေရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ကာ မလိုလားအပ်သည့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ခြင်း၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သွားလာရေးတွင် အခက်အခဲများနှင့် ကြုံတွေ့ကြရကြောင်း၊ တံတားကြမ်းခင်းများ ပေါက်ပြဲနေသဖြင့် ကလေးသူငယ်များ မကြာခဏ ကျွံကျလေ့ရှိကြောင်းတို့ကို စီးမော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ဗ၅၈)**

# ကလောမြို့နယ် အောင်ပန်းမြို့တွင် (၂၂) ကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ စကားရည်လုပြိုင်ပွဲများ ကျင်းပ

**အောင်ပန်း၊ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ (၂၂) ကြိမ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားရည်လုပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်က အောင်ပန်းမြို့လယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် အထက်တန်းအငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးလှမြင့်က စကားရည်လုပွဲ၊ ကျပန်းစကားပြောနည်း ဆိုင်ရာစည်းကမ်းများနှင့် စာဆိုတော်နေ့အကြောင်းကို ဟောပြောခဲ့သည်။

အောင်ပန်းမြို့ (၂၂) ကြိမ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် အောင်ပန်းမြို့ အမှတ် (၁၊ ၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၂၊ ၃) အထက်တန်းကျောင်းခွဲများနှင့် အမှတ် (၄) အလယ်တန်းကျောင်းများမှ ပထမအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ ဒုတိယအဆင့် သတ္တမတန်း၊ အဋ္ဌမတန်း၊ တတိယအဆင့် နဝမတန်း၊ ဒသမတန်း ကျောင်းသူ၊ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စကားရည်လုပြိုင်ပွဲတွင် ‘အမျိုးသားများသည် အမျိုးသမီးများထက် တိုင်းပြည်ကို အကျိုးပို၍ပြုသည်’ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

ဆုရရှိသူများကို စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနေ့ ဒီဇင်ဘာ ၃ ရက်တွင် ဖိတ်ကြားထားသော နိုင်ငံကျော်စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာညီမင်းညို၊ ဆရာနေဝင်းမြင့်၊ ဆရာမသန်းမြင့်အောင်၊ ဆရာမခင်ခင်ထူးတို့က ဆုမှတ်တမ်းလွှာများကို ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ဆုတံဆိပ်များ၊ ဆုပစ္စည်းများ၊ ဆုတော်ငွေများ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း ကျင်းပရေး ကော်မတီအထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်က ပြောသည်။


အခမ်းအနားသို့ စာဆိုတော်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးကြီး (စာရေးဆရာ မောင်သာများ)၊ စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စကားရည်လုပြိုင်ပွဲများဒိုင်ချုပ် ဦးလှမြင့် (အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာကြီး)၊ အောင်ပန်းမြို့ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ ဆရာမများ ပြိုင်ပွဲဝင် ကျောင်းသူ ကျောင်းသားများ၊ အောင်ပန်းစာဆိုတော်နေ့ကျင်းပရေးကော်မတီအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ စာပေချစ်မြတ်နိုးသူများ၊ အခြေခံပညာ ကျောင်းသူ ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။


**ဇော်သိန်းရည်**




ဝယ်လိုသည်
-ကားအပ်ပြီးစလစ်
-ယာဉ်အိုယာဉ်ဟောင်း အပ်ကား၊
-စက်မှုဇုန်ထုတ်အပ်ကား
ဖုန်း-၀၉ - ၄၄၈၀၀၇၃၇၇

ဆိုင်ခန်းရောင်းမည်။
ပဲခူးမြို့ မနှစ်ထပ်ဈေး
၁၈၀၊ ၁၈၂ (နေရာကောင်း)
ရုံဝင်ပေါက်ထိပ် နှစ်ခန်းတွဲ သိန်း(၅၀၀)
ညှိနှိုင်း
ဖုန်း-၀၉-၅၃၀၀၆၆၅



# လှေသင်းအတွင်းဝန်မင်း၏စစ်ကိုင်းရွှေမုဋ္ဌောကျောက်စာ ထိန်းသိမ်းထားရှိသင့်



**စစ်ကိုင်း၊ ဒီဇင်ဘာ ၅**

စစ်ကိုင်းမြို့ လေးကျွန်းမြေရပ်ကွက်၊ သမိုင်းဝင် ရွှေမုဋ္ဌောဘုရားကြီးရင်ပြင်တော်ရှိ လှေသင်းအတွင်းဝန်မင်း၏ သမိုင်းကျောက်စာအား ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် လုံခြုံသည့်အမိုးအကာနှင့် ထိန်းသိမ်းထားရှိသင့်ကြောင်း ဒေသခံများက ပြောဆိုလျက်ရှိသည်။ ရွှေမုဋ္ဌောဘုရားသမိုင်း မော်ကွန်းကျောက်စာသည် သမိုင်းတန်ဖိုးရှိလှသည့်အပြင် ဘုရားသမိုင်းနှင့်တကွ ဘုရားဒကာ မဟာသေနာပတိ လှေသင်းအတွင်းဝန်၊ စလေမြို့စားမင်း၏ ဘဝမှတ်တမ်းအတ္ထုပ္ပတ္တိ တစ်စိတ်တစ်ဒေသကို ဖော်ပြရေးထိုးထားကြောင်းသိရသည်။

ယခုအခါ အဆိုပါ မော်ကွန်းကျောက်စာကို စေတီတော်ကြီး၏ အရှေ့တောင်ထောင့် ရင်ပြင်တွင် အမိုးအကာမဲ့ စိုက်ထူထားသဖြင့် ရာသီဥတုနှင့် လူသူတို့၏ဖျက်ဆီးမှုကြောင့် ရေရှည်တွင် ပျက်စီးသွားနိုင်ပေသည်။

ကျောက်စာတွင် လှေသင်းအတွင်းဝန်မင်း၏ ဘဝတစ်စိတ်တစ်ပိုင်းကို ရေးထိုးမှတ်တမ်းတင်ထားသည်ကို လေ့လာတွေ့ရှိရသည်။ လှေသင်းအတွင်းဝန်မင်းသည် မင်းတုန်းမင်းလက်ထက် အသက် ၁၅ နှစ်သားအရွယ်တွင် လက်ဖက်ရည်တော်အရာနှင့် နေမျိုးမင်းလှမင်းထင်ဘွဲ့ကို ရရှိခဲ့ပြီး ရတနာပုံအခွန်တော်ကို စားရသည်။

ယင်းနောက် ရွှေတိမ်ငြင်းလှေတော်အုပ်၊ ယင်းနောက်ဘောင်စာရေးအရာနှင့် စစ်ကိုင်းမြို့ ဒါးဝယ်ဈေးကို စားရသည်။ ယင်းနောက် လှေသင်းစာရေးအရာနှင့် မင်းလှမင်းထင်ရာဇာ ဘွဲ့မည်ကို သနားတော်မူခံရသည်။

ယင်းနောက် ဘောင်ဝန်အရာခန့်ထားခံရကာ မဟာမင်းလှမင်းထင်သီဟသူဘွဲ့နှင့် သစ်ဆိမ့်ကြီး ငါးပတ်ချောင်းဈေးကူးတို့၏ အခွန်ကို စားရသည်။ ယင်းနောက် မင်းကြီးတပ်ဘွဲ့၊ ၁၂ ပွင့်၊ ၁၂ သွယ် စလွယ်နားတောင်းများ အသနားခံခဲ့ရသည်။ ကျောက်စာအရ မင်းတုန်းမင်းလက်ထက်တွင် လှေသင်းအတွင်းဝန်သည် ခုနစ်ကြိမ်တိုင်တိုင် သူကောင်းပြုခြင်းခံယူခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။ သီပေါမင်းလက်ထက်တွင် ဘောင်ဝန်အရာနှင့် ကျောက်ရှံမြို့ကို အသနားမြတ်ခံယူရသည်။

ယင်းနောက် ရွှေမြို့တော်ဝန်၊ ဘောင်ဝန်၊ ပုခန်းငယ်မြို့စားအဖြစ် အသနားတော်မူခံခဲ့ရသည်။ ယင်းနောက်တွင် အတွင်းဝန်၊ လှေသင်းဝန်၊ စလေမြို့စားအဖြစ် အောက်မြစ်စဉ်ဆိုင်ရာကို တာဝန်ထမ်းရွက်ခဲ့ရသည်။ ယင်းနောက် ရေကြောင်းဌာန၊ အလုပ်ဌာန၊ ရာဇဝတ်ဌာနများကို အုပ်ချုပ်သော မဟာသေနာပတိ၊ လှေသင်းအတွင်းဝန်၊ စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်ဘွဲ့ ရရှိခဲ့ကြောင်း ရေးထိုးမှတ်တမ်းတင်ထားသည်။

ကျောက်စာတွင် စစ်ကိုင်းရွှေမုဋ္ဌောစေတီတော်ကြီး၏ မူလဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ် ပြန်လည်တည်ထားသူမှာ စစ်ကိုင်းမြို့တည် နန်းတည်မင်း အသင်္ခယာစောယွန်းနှင့် မယ်တော်မိဖုရားကြီးတို့ဖြစ်ကြောင်း၊ တတိယအကြိမ် ပြန်လည်တည်ထားသူမှာ အဝသတိုးမင်းခေါင်၏ မိဖုရား သီရိဒေဝီဖြစ်ပြီး စတုတ္ထအကြိမ်တွင် လှေသင်းအတွင်းဝန်၏မိခင် ပြည်လုံးအုံ့ထောင်ကဲကတော်၏အဘိုး ရွှေတောင်ရာဇာသူဌေးက ပြန်လည်ပြင်ဆင်တည်ထားခဲ့သည်။ ပဉ္စမအကြိမ်အဖြစ် သက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် မဟာသေနာပတိ၊ လှေသင်းအတွင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယကျော်ထင်နှင့် အတွင်းဝန်ကတော် နတ်မောက်မြို့စားတို့က ပြန်လည်တည်ထားခဲ့ခြင်းဖြစ်သည်။ အတွင်းဝန်မင်းတို့၏ကိုယ်စား ချစ်ခင်ယုံကြည်သည့် စစ်ကိုင်းမြို့ဝန်မင်း မင်းလှမင်းခေါင်သူရိန်ရာဇာကို ငွေအသပြာ တစ်သောင်းခြောက်ထောင်ကျော်ကို ပေးအပ်ကာ ကြီးကြပ်ပြင်ဆင်တည်ထားစေခဲ့သည်။ အဆိုပါ ရွှေမုဋ္ဌော သမိုင်းမော်ကွန်းကျောက်စာကို ၁၂၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်တွင် ရေးကူးထုလုပ်ခဲ့ကြောင်း သိရသည်။

“လှေသင်းအတွင်းဝန်မင်းရဲ့ကျောက်စာက သမိုင်းတန်ဖိုးရှိပါတယ်။ လှေသင်းအတွင်းဝန်မင်းဟာ စစ်ကိုင်းမြို့ ဝတ်ချက်ရွာဇာတိပါ။ ငယ်မည်က ဦးရွှေမောင်ပါ။ သမိုင်းတန်ဖိုးရှိတဲ့ကျောက်စာကို အမိုးအကာမဲ့ စိုက်ထူထားရင် ဖတ်ရှုလေ့လာသူတွေအတွက် အဆင်ပြေပေမယ့် ရေရှည်မှာ ပျက်စီးသွားမှာ သေချာတယ်။ အမိုးအကာလေးနဲ့ ထိန်းသိမ်းထားရှိပေးသင့်တယ်” ဟု စစ်ကိုင်းမြို့မှ သမိုင်းလေ့လာသူ စာရေးဆရာတစ်ဦးကပြောသည်။

အဆိုပါကျောက်စာကို ယခင်က စေတီတော်ကြီး၏ အရှေ့မြောက်ဘက်တွင် ကျောက်စာရုံနှင့်ထားရှိခဲ့သော်လည်း ကျောက်စာတိုက်မှာ ပစ္စည်းစတိုးဖြစ်သွားပြီး ကျောက်စာတိုင်ကိုမူ ဘုရား၏အရှေ့တောင်ဘက် ရင်ပြင်တော်တွင် အမိုးအကာမဲ့စိုက်ထူထားခြင်းဖြစ်သည်ဟု သိရသည်။

**နန္ဒာမင်းလွင်**

# တပ်မတော် ဆေးတပ်ရင်း အခမဲ့နယ်လှည့်ဆေးကုသ

**အင်္ဂပူ၊ ဒီဇင်ဘာ ၅**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကျီကြီးကျေးရွာအုပ်စု သုံးကွင်းဆိုင်ကျေးရွာ အ.ထ.ကကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လူအေးတို့၏ စီမံမှုဖြင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၄) စစ်မြေပြင် ဆေးတပ်ရင်း တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်မှူးဇေယျာညိမ်း ဦးဆောင်သော တပ်မတော် အထူးကုဆရာဝန်များ ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် နံနက်တွင် နယ်လှည့်ဆေးကုသခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ နယ်လှည့်အခမဲ့ဆေးကုသခြင်းသို့ အင်္ဂပူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနန္ဒဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာ အထောက်အကူပြုအဖွဲ့ဝင်များ စုပေါင်းပြီးကျေးရွာမှ လိုအပ်သည်များကို ကူညီပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က တပ်မတော်ဆေးတပ်ရင်း နယ်လှည့်ဆေးကုသရာ နေရာသို့ သုံးကွင်းဆိုင်၊ ကျီကြီး၊ ခြောက်ရွာ၊ မှတ်တိုင်နှင့် ကွင်းကောက်ကျေးရွာများမှ လူနာ ၅၄၃ ဦး လာရောက်ကုသခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# နေပြည်တော် ဥတ္တရခရိုင်တွင် အခြေခံတိုင်းရင်းဆေးသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော်၊ ဒီဇင်ဘာ ၅**

နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဖွင့်လှစ်သော အခြေခံတိုင်းရင်းဆေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထက်က အခြေခံတိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများကို ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥတ္တရခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ရွှေရဲရင့်**


## ဆေးတက္ကသိုလ်(မန္တလေး)မြတ်ဆရာပူဇော်ပွဲ

၁၉၈၅၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၉၁ဆေးတက္ကသိုလ်(မန္တလေး)ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲအား ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၃ရက် နံနက် ၈နာရီတွင် လေးတန်းပေါင်း၍ ပြုလုပ်ပါမည်။ အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်ကြပါရန်။

| | | |
|---|---|---|
| ၁။ ဒေါက်တာကေခိုင်ထွန်း | (၁၁/၈၅) ရန်ကုန် | ဖုန်း-၀၉-၇၃၀၄၆၄၀၄ |
| ၂။ ဒေါက်တာနီလာဝင်း | (၁၁/၈၅) ရန်ကုန် | ဖုန်း-၀၉၂၀၀၆၇၀၃ |
| ၃။ ဒေါက်တာဇော်ဝင်း | (၁၁/၈၅) ရန်ကုန် | ဖုန်း-၀၉-၄၀၂၅၇၇၆၁၃ |
| ၄။ ဒေါက်တာမိုးကျော် | (၁၁/၈၅) ရန်ကုန် | ဖုန်း-၀၉-၉၁၀၃၆၃၂၆ |
| ၅။ ဒေါက်တာဇော်လင်းကြည် | (၁၁/၈၆) ရန်ကုန် | ဖုန်း-၀၉-၂၀၀၄၁၉၃ |
| ၆။ ဒေါက်တာစပ်ဝ်လောင်ဝမ်း | (၁၁/၈၆) ရန်ကုန် | ဖုန်း-၀၉-၅၀၄၂၅၅၂ |
| ၇။ ဒေါက်တာစိုးသန်း | (၁၁/၈၆) ရန်ကုန် | ဖုန်း-၀၉-၄၄၄၀၂၀၄၀၀ |
| ၈။ ဒေါက်တာခင်ခင်အုန်း | (၁၁/၈၆)ရန်ကုန် | ဖုန်း-၀၉-၂၀၅၂၂၂၃ |
| ၉။ ဒေါက်တာလှဆွေဦး | (၁၁/၈၇)၊ရန်ကုန် | ဖုန်း-၀၉-၅၁၈၈၈၆၅ |
| ၁၀။ ဒေါက်တာမောင်မောင်သိန်း | (၁၁/၈၇)ရန်ကုန် | ဖုန်း-၀၉-၄၀၂၇၁၇၁၅၇ |
| ၁၁။ ဒေါက်တာမိုးမိုးထွန်း | (၁၁/၉၁)၊ရန်ကုန် | ဖုန်း-၀၉-၄၄၄၀၁၀၀၈၀ |
| ၁၂။ ဒေါက်တာရီရီခိုင် | (၁၁/၉၁)ရန်ကုန် | ဖုန်း-၀၉-၂၀၁၇၁၀၂ |

## အောင်ဆန်းသူရိယလှသောင်းအထက်တန်းကျောင်း

## (၁၉၆၁-၇၂) ဘော်ဒါကျောင်းသားဟောင်းများ၏

## ငွေရတုအကြို (၂၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

နေ့ရက်။ ။ ၄-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)

အချိန်။ ။ နံနက် ၉နာရီတိတိ

နေရာ။ ။ အထက(၂)မင်္ဂလာဒုံ၊ ကျောင်းဓမ္မာရုံ

ဆက်သွယ်လှူဒါန်းရန်

ဗိုလ်မှူးတင်မောင်သွင်-၀၉-၅၀၆၅၃၈၂၊ ဦးသန်းဌေး-၀၉-၄၉၂၂၀၈၃၆၊ ဦးဖိုးသန်းမြင့်-၀၉-၇၃၁၃၁၆၃၃

ဦးခင်ညိုကျော်အောင်-၀၉-၅၀၀၀၉၄၁၊ ဦးထွန်းရှိန်-၀၉-၇၃၁၀၀၈၀၄၊ ဦးမောင်မောင်(ဂိုး)-၀၁-၅၁၀၂၈၇

ဦးသိန်းထွန်းအောင်-၀၁-၅၇၈၃၇၇၊ ဦးလှစိုး-၀၉-၅၁၁၁၈၆၅၊ ဦးသောင်းမြင့်-၀၉-၃၁၅၆၀၃၉၅

## ခြံရောင်းမည်(ပွဲစားမလို)

မြေပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ အမြန်စုံစမ်းပါ။ ဒဂုံရှေ့ပိုင်း၊ ပေ(၄၀×၆၀) (နှစ်ကွက်)

ဖုန်း-၀၉-၇၃၁၄၄၁၁၃

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)၊ ကော်လံ(၃)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာမှ အထွေထွေ ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးအေးအေးကျော် အစား ဒေါ်အေးအေးကျော်ဟု ပြင်ဆင်ဖတ်ရှု ပါရန်။

## တိုက်ခန်းရောင်းမည်

မြေညီ၊ သိန်း(၃၇၀)

၁၂. ၅'×၅၀' ဒေါပုံ Capital အနီး

ဖုန်း-၀၉-၂၄၅၀၆၅၄

ပြည်တွင်းရေးရာ

# သာစည်နယ်ထွက် ကျောက်ဖရုံယို ဈေးကွက်ရရှိ၍ လုပ်ငန်းတွင်ကျယ်မှုရှိလာ



**တပ်ကုန်း၊ ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အမှတ်(၃) ရပ်ကွက်အတွင်း ကျောက်ဖရုံယိုလုပ်ငန်းများမှ ကျောက်ဖရုံယိုများမှာ တပ်ကုန်း၊ ပျဉ်းမနား၊ ကင်မွန်းတန်းဈေးကွက်များသို့ နေရာယူလာလျက်ရှိကာ လုပ်ငန်းလုပ်ကိုင်သူများ ဈေးကွက်တွင်ကျယ်လာကြောင်း သိရသည်။

အဆိုပါ ကျောက်ဖရုံယိုလုပ်ငန်း လုပ်ကိုင်သူအများစုမှာ မိသားစုများ ဝိုင်းဝန်းလုပ်ကိုင်ကြပြီး ပြည်တွင်းနေထိုင်သူများက ကြိုက်နှစ်သက်၍ ရောင်းအားကောင်းလာကြောင်း လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

"ကျွန်မတို့ ကျောက်ဖရုံယိုလုပ်ငန်းကို မိသားစုဝင်အားလုံး ဝိုင်းဝန်း လုပ်ကိုင်ကြပါတယ်။ ကျောက်ဖရုံသီး အလုံးတစ်ပိဿာ ၁၂၀ ကျပ်၊ သကြား တစ်ပိဿာ ၁၀၀၀ ကျပ် ဝယ်ရပါတယ်။ ပုံမှန် တစ်နေ့ကို အချိန် ၁၀၀ အထိ လုပ်ကိုင်ပါတယ်။ ကျောက်ဖရုံယို လုပ်ငန်းက ဘိုးဘွားလက်ထက်ထဲက လုပ်ကိုင်တဲ့လုပ်ငန်း ဖြစ်ပါတယ်၊ အခုလို ဝင်ငွေရရှိတော့ မိသားစု စားဝတ်နေရေး အဆင်ပြေပါတယ်" ဟု သာစည်မြို့နယ် အမှတ်(၃) ရပ်ကွက်မှ ကျောက်ဖရုံယိုလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောသည်။

"ဆယ့်နှစ်ရာသီပွဲဈေးတွေမှာ လိုက်ရောင်းရင် ကျောက်ဖရုံယိုကို ပိုမိုလုပ်ကိုင်ရပါတယ်။ ကျောက်ဖရုံယိုတစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် ပြန်ရောင်းချပါတယ်၊ ဆယ့်နှစ်ရာသီပွဲဈေးတွေလိုက်ရောင်းရင် တစ်နေ့ သုံးသောင်းလောက် အမြတ်ရရှိပါတယ်"ဟု ကျောက်ဖရုံယို ရောင်းချသူ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

"ကျောက်ဖရုံသီးကို အခွံနွှာ၍ အလယ်အူတိုင်များကို ဖယ်ပစ်ရပါတယ်။ အတုံးငယ်လေးများ ညီညာစွာလှီးထားပြီး ထုံးရည်ကြည်တွင် တစ်ညစိမ်ထားရပါတယ်။ နောက်တစ်နေ့တွင် ထုံးရည်ကြည်မှ ဆယ်ယူကာ ရေသန့်သန့်ဖြင့်ဆေးပြီး ရေနွေးဆူဆူထဲတွင် ပျော့လာသည့်တိုင်အောင် စိမ်ကာ ရေစစ်ပေးရပါတယ်။ နောက်ပြီး သကြားကို ညောင်စေးကျအောင် ကျိုကာ ဆားအနည်းငယ်ထည့်၍ ကျောက်ဖရုံသီးအစိတ်များကို ထည့်မွှေပေးခြင်းဖြင့် ကျောက်ဖရုံယိုကို ရရှိပါတယ်" ဟု လုပ်ကိုင်သူ ဒေသခံတစ်ဦးက ပြောပြသည်။

မြန်မာတို့၏ ရိုးရာအစားအစာများဖြစ်သည့် မုန့်ဆီကြော်၊ မုန့်လက်ကောက်၊ မုန့်ဖက်ထုပ်၊ မုန့်ပျားသလက်၊ ထိုးမုန့်စသည့်မုန့်အမျိုးမျိုးရှိသည့် အနက် ကျောက်ဖရုံယိုမှာလည်း သရေစာတစ်မျိုးအဖြစ် ပြည်တွင်း၌ စားသုံးမှုရှိကြောင်း သိရသည်။ **တင်စိုးလွင်**

# သုံးမြို့နယ်ဆက်သွယ်ပေးမည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းဆွဲရန် ဓာတ်တိုင်များ ရောက်ရှိ

**ကနီ၊ ဒီဇင်ဘာ ၅**

ဘုတလင်-ကနီ-မင်းကင်းအထိ သုံးမြို့နယ်ဆက်သွယ်ပေးမည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းဆွဲရန် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်အတွင်းတွင် ၁၅ မီတာ နှစ်ပိုင်းဆက် ဓာတ်တိုင်များကို မန်ပိန်းနှင့် မာယဓာတ်တိုင်ကုမ္ပဏီများမှ ကွန်ကရစ်ဓာတ်တိုင်များ လာရောက်ချထားကြောင်း သိရသည်။

အဆိုပါ ၆၆ ကေဗွီဓာတ်အားလိုင်းဆွဲရာတွင် ကနီမြို့အဝင် ရေဝါချောင်းကို တာဝါတိုင်များဖြင့် ဖြတ်ကူးမည်ဖြစ်ပြီး ယင်းဓာတ်အားလိုင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်မှာဖြစ်သည်ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကနီမြို့တွင် ၆၆ ကေဗွီ ဓာတ်အားခွဲစက်ရုံ ဆောက်လုပ်ပြီးစီးပါက ကနီမြို့နှင့် ဆယ်မိုင်ပတ်လည်အတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရာကျော် ရှစ်ရာနီးပါး လျှပ်စစ်ဓာတ်အားများ လုံလုံလောက်လောက်ရရှိနိုင်မည်ဖြစ်ပြီး ကျေးရွာများရှိ လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ်အနေဖြင့် ယင်းမာပင်မြို့နယ်မှတစ်ဆင့် တွင်း၊ တွင်းမှတစ်ဆင့် ကနီမြို့သို့ ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် သွယ်ယူပြီး မေ ၂၂ ရက်မှ စတင်၍ ၂၄ နာရီ မီးရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားလိုင်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့ကြီးမြို့ငယ်၊ ကျေးလက်ဒေသများအထိ လျှပ်စစ်မီးများရရှိစေရန် ကွန်ရက်သဖွယ်ဖြစ်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **သန်းငွေအောင်(ကနီ)**

# မီးဘေးသင့်ပြည်သူများအား ပစ္စည်းထောက်ပံ့

**ရေနံချောင်း၊ ဒီဇင်ဘာ ၅**

ရေနံချောင်းမြို့နယ် ဖိုးကိုးကျေးရွာအုပ်စု နှောကန်ရွာတွင် နိုဝင်ဘာ ၂၈ ရက်က မီးလောင်ကျွမ်းမှုကြောင့် မီးဘေးသင့်သောပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက်က နှောကန်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် မီးဘေးသင့်ပြည်သူ ၁၂ ဦးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ဆန်အိတ် ၁၂ အိတ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော ပစ္စည်း ၁၃ မျိုးပါ Kit ပုံးများနှင့် အိမ်ဆောက်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ ထောက်ပံ့သော ခြင်ထောင်၊ အဝတ်အစား၊ အကျီများ၊ ဒန်အိုးနှင့် ဇလုံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထောက်ပံ့သော ဆန်နှင့် အဝတ်အထည်များ၊ လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့သော မုန့်ခြောက်နှင့် စားသောက်ဖွယ်ရာများ၊ ရေနံချောင်းမြို့နယ်ရှိ ပြည်သူအများမှ လှူဒါန်းသော စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

"မီးလောင်လို့ ဘာပစ္စည်းမှမရလိုက်ပါဘူး။ အဲဒီအချိန်တုန်းကတော့ ငိုချင်တာပဲသိတယ်။ ဝမ်းလည်းနည်းတယ်။ အခုလို လာပြီးကူညီပေးတာတွေ ထောက်ပံ့တာတွေလုပ်ပေးနေတော့ အားပြန်ရှိလာသလိုပဲ ခံစားရပါတယ်။ လာပြီးကူညီပေးကြတဲ့ လူကြီးတွေ၊ ထောက်ပံ့ပစ္စည်းလာရောက်ပေးသူတွေ အားလုံးကိုကျေးဇူးတင်ပါတယ်" ဟု မီးဘေးသင့်သူ မဥမ္မာခင်က ပြောသည်။

အဆိုပါပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ လူငယ်များ စွမ်းရည်မြှင့်တင်ရေးနှင့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ဘားအံ၊ ဒီဇင်ဘာ ၅**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၊ ကျေးရွာ ၁၈ ရွာမှ လူငယ်များအား ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာနှင့် စွမ်းရည်များပြည့်ဝစေရန် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်လူငယ်များ စွမ်းရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၂/၂၀၁၄) ဖွင့်လှစ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်-ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO -INGO အဖွဲ့အစည်းများ၊ အထောက်အကူပြုကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက သင်တန်းသား၊ သင်တန်းသူများအား လမ်းညွှန်အမှာစကားပြောကြားခဲ့သည်။


ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်မှူး ဦးနေဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်ထိ သင်ကြားမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်နှင့် ကျေးရွာ ၁၂ ရွာမှ သင်တန်းသား ၂၄ ဦး၊ ပြည်နယ်ရခရိုင်-မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသားခြောက်ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ကျေးလက်ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးဦးစီးဌာနများနှင့် အခြားနှီးနွှယ်သော ဌာန ၁၂ ခုတို့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သင်ခန်းစာများ၊ မြစိမ်းရောင်စီမံကိန်းများ၊ CDD Project၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆောက်အအုံဆောက်လုပ်ခြင်းပညာရပ်များ၊ ကျေးလက်လက်စွဲစာအုပ် (Village Development Plan) ပြုစုခြင်းလုပ်ငန်းများအကြောင်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ဘားအံ)**





# မတ္တရာ အထက မြတ်ဆရာပူဇော်မည်

မတ္တရာ အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် (၆၀)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား တပည့်များမှ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၃၀-၁၂-၂၀၁၄ရက်၊ နံနက် ၁၀နာရီတွင် အမှတ်(၁) အထက မတ္တရာမြို့ အောင်ဆန်းခန်းမတွင် ကျင်းပမည် ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများအားလုံး အပူဇော်ခံကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

တပည့်ကျောင်းသူ၊ ကျောင်းသားများအားလုံးလည်း မပျက်မကွက်တက်ရောက်ဂါရဝပြု ကြပါရန်နှင့် ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများကို (၁) ဦးကျော်ဇေ(တရားလွှတ်တော်ရှေ့နေ၊ မတ္တရာမြို့) ဖုန်း-၀၂-၇၉၀၅၃၊ (၂) ဒေါက်တာတင်ဝင်း (ဆေးရုပ်အုပ်ကြီး-ငြိမ်း၊ မန္တလေး) ဖုန်း-၀၉-၂၀၁၃၃၉၂၊ (၃) ဆရာမကြီး ဒေါ်ရီ [အမှတ်(၁) အထက၊ မတ္တရာမြို့] ဖုန်း-၀၂-၇၉၈၁၈၊ (၄) ဆရာကြီး ဦးမြစိန် (ပညာရွှေပြည် နည်းပြ၊ မတ္တရာမြို့) ဖုန်း-၀၂-၇၉၁၈၇၊ (၅) ဆရာမ ဒေါ်စန်းစန်းကြီး [အထက်တန်းပြဆရာမ၊ အမှတ်(၁)အထက၊ မတ္တရာမြို့] ဖုန်း-၀၂- ၇၉၈၉၇ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

ရပ်ဝေးမှ ဆရာကြီး၊ ဆရာမကြီးများ သွားလာရေးအဆင်ပြေစေရန် အကြို/အပို့ကားများ စီစဉ်ထားပါသည်။ မန္တလေးမြို့ ဦးထွန်းမြိုင် ဖုန်း-၀၂ -၃၃၉၇၀၊ အောင်ကြီးကဖေးစုရပ်မှ အကြို ကားများ ၃၀-၁၂-၂၀၁၄ရက် နံနက် ၈နာရီတွင် အမှတ်(၁) အထက မတ္တရာမြို့သို့ ထွက်ခွာ မည်ဖြစ်ပါသည်။ အကြိုအပို့ တာဝန်ခံ စာရေးကြီး ဦးအောင်ကျော် ဖုန်း-၀၉ ၄၀၂၆၈၉၀၇၅ နှင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

# ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့ ရဲလုပ်ငန်းများ ရှင်းလင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မြို့နယ်အတွင်းမှ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာနောက်ဆုံးအပတ်က ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝေက ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူလူထုနှင့် ပူးပေါင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရဲတပ်ဖွဲ့၏ လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးတွင် EU အဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူကိုဗဟိုပြုသည့်စနစ်ဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နယ်မြေအတွင်းဖြစ်ပွားလျက်ရှိသော မှုခင်းများဖြစ်ပွားမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများမှ ရဲလုပ်ငန်း ဆောင်ရွက်မှုများအပေါ် ပွင့်လင်းမြင်သာစွာ ဖြည့်စွက် မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ၎င်းရှင်းလင်းဆွေးနွေးပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **(ကြေးမုံ)**



# နယ်လှည့် အခမဲ့ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဟသ်ာတ၊ ဒီဇင်ဘာ ၅**

ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် အင်းဝင်းအုပ်စု အင်းဝင်းကျေးရွာရှိ အ. မ. က ကျောင်းတွင် နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ဟသ်ာတစေတနာ အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့မှကျန်မာရေးစောင့်ရှောက်မှု လုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချိုဦးဌေးဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများလူမှုရေးအသင်းအဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများ၊ သူနာပြုများ၊ တိုင်းရင်းဆေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ လိုက်ပါလျက် ကျေးလက်နေပြည်သူများကို ကျန်မာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဟသ်ာတစေတနာနယ်လှည့် အခမဲ့စမ်းသပ်ဆေးကုသရာသို့ ကလေးလူနာ ၈၆ ဦး၊ မျက်စိပြသသည့် လူနာ ၁၈၈ ဦး၊ နားနှာခေါင်းလည်ချောင်းလူနာ ၆၄ ဦး၊ အရိုးအကြောလူနာ ၂၀၇ ဦး၊ ခွဲစိတ်လူနာ ၂၀၊ တိုင်းရင်းဆေးပြသူ ၁၇၀၊ အထွေထွေပြသသူ ၂၇၀ စုစုပေါင်းလူနာဦးရေ ၁၀၇၃ ဦးတို့ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ပြီး လိုအပ်သော ဆေးဝါးများနှင့် ကူညီမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**

# ကျေးလက်ကျန်းမာရေး ဌာနခွဲ တည်ဆောက်

**နတ်တလင်း၊ ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စု ဇီးပင်ကွေ့ရွာတွင် ဒီဇင်ဘာ ၃ ရက်နံနက် ၉ နာရီက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ တည်ဆောက်ရန် ပန္နက်တင် အခမ်းအနား ကျင်းပခဲ့သည်။

မြို့နယ်ကျန်းမာရေးဌာန ကြီးကြပ်(၁) ဦးဇော်လင်းစိုး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချိုကြီး၊ အထောက်အကူပြုကော်မတီဥက္ကဌ ဦးလှလေးနှင့် ရပ်မိရပ်ဖတို့က ပန္နက်တင်ပေးပြီး အဆောက်အအုံကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုမိန့် ရရှိပြီးဖြစ်၍ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး သမံတလင်းခင်းတစ်ထပ်တိုက်ဖြစ်ကြောင်း သိရပြီး ကျေးရွာဆောက်လုပ်ရေးကော်မတီမှ ကြီးကြပ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **ဝ၇၁**

# ရေငတ်ခံနှင့်ဆားငန်ဒဏ်ခံစပါးမျိုးများ စစ်ကိုင်းသို့ဖြန့်ဖြူးမည်

**ယင်းမာပင်၊ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်ဒေသကြီးအတွင်း မြေအောက်ရေဖြင့် စပါးအများဆုံး စိုက်ပျိုးသော စစ်ကိုင်းနှင့်ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဆားငန်ဒဏ်ခံနှင့် ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ စိုက်ပျိုးနည်းစနစ်များကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် ရာသီဥတုပြောင်းလဲမှု ပိုမိုမြန်ဆန်လာပြီး မိုးရွာသွန်းမှုနည်းပါးလာသောကြောင့် မြေအောက်ရေကို အားကိုးစိုက်ပျိုးလာကြပြီးယင်းသို့မြေအောက်ရေဖြင့် စိုက်ပျိုးရသောကြောင့် စိုက်ပျိုးမြေများတွင် ဆားပေါက်မှုများရှိလာပြီး မြေဆီလွှာပျက်စီးကာ ထိုဒေသ၌ ဖြစ်ပေါ်နေသည့် ရာသီဥတုနှင့် ဆားပေါက်မြေတွင် စိုက်နိုင်သည့် ဆားငန်ဒဏ်နှင့်ရေငတ်ခံစပါးမျိုးများ ဖြန့်ဝေစိုက်ပျိုးစေမည်ဖြစ်သည်။

မျိုးစပါးများနှင့် စိုက်ပျိုးနည်းစနစ်များကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မနောသုခ မျိုးသန့်မျိုးပွားကွက်မျိုးကွဲဖယ်ခြင်း လုပ်ငန်းဆောင်ရွက်

**တောင်သာ၊ ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မင်းခြံခရိုင် တောင်သာမြို့နယ် သာယာကြီးကျေးရွာအုပ်စုသည့် တောင်သာဆည်ရေသောက် ဒေသဖြစ်သော ကွင်းအမှတ် (၉၇၃ /က) ဦးပိုင်(၁၁၃/၁)တွင် တောင်သူဒေါ်အေးအေးမော်၏ ၅ ဧက မနောသုခမျိုးသန့်မျိုးပွားကွက်တွင် နိုဝင်ဘာ ၃၀ ရက်က မျိုးကွဲဖယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြင်းခြံခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်အေးအေး၊ တောင်သာမြို့နယ်ဦးစီးအရာရှိဦးဖုန်းမောင်နှင့်ဝန်ထမ်းများ၊ တောင်သူ ၂၀ ဖြင့်ဆောင်ရွက်ခဲ့ကြပြီးမျိုးသန့်မျိုးပွားကွက်မှ ထွက်ရှိလာမည့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့များအား ဒေသတွင်းတောင်သူများထံသို့ ဆက်လက်ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မျိုးသန့်အဖြစ် ပြန်ဖြန့်ရမှာဆိုတော့ စပါးဈေးထက်ပိုပြီး တွက်ခြေကိုက်လို့ ဒီလုပ်ငန်းကို စိတ်ဝင်စားပါတယ်" ဟု တောင်သူ ဒေါ်အေးမော်ကပြောသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ရပ်ကွက်ခြောက်ခုသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း မြို့သစ်(ဂ)၊ မြို့သစ်(က+ခ)၊ ပေါက်တောရွာမအနောက်၊ ကမ်းနားအလယ်/နောက် ရပ်ကွက်များမှ ဆင်းရဲနွမ်းပါးသည့် ဝင်ငွေနည်းပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့ တီဘီရောဂါတိုက်ဖျက်ရေးမှ တိုင်းတီဘီအထူးကုဆရာဝန်ကြီးများ၊ ဆေးရုံများမှ သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် အလက(၈)ကျောင်း၌ ကွင်းဆင်း၍ပြည်သူများအား ကျန်းမာရေးစစ်ဆေးပြီး အခမဲ့ဆေးဝါးများ ကုသပေးခဲ့သည်။

ကုသပေးခဲ့ကြသော လူနာများမှာ အမျိုးသမီးကိုယ်ဝန်ဆောင် ၂၅ ဦး၊ သွားနှင့်ခံတွင်းလူနာလေးဦး၊ ခွဲစိတ်ကုသမည့်လူနာ ၂၈ ဦး၊ ကလေးလူနာ ၄၄ ဦး၊ အထွေထွေရောဂါဖြစ်ပွားသည့် လူနာ ၁၆၆ ဦးနှင့် တီဘီရောဂါသည် ၂၈ ဦးတို့ဖြစ်ကြောင်းနှင့် မြို့နယ်ကျန်းမာရေးဌာန ဆရာဝန်ကြီးက "ဒီနေ့ ဒီကျောင်းမှာ ရပ်ကွက်တွေမှာနေထိုင်တဲ့ လူနာများကို ကုသလို့ရတဲ့ရောဂါမှန်သမျှကို ကုသပေးပြီး ခွဲစိတ်ဖို့လိုအပ်ရင် ရက်ချိန်းပေးပြီး နီးစပ်ရာဆေးရုံကြီးများမှာ အခမဲ့ခွဲစိတ်ပေးသွားမှာပါ"ဟု ပြောကြားသည်။

အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်စုစုပေါင်း ၃၀ ကျော်တို့က နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရောဂါများကို ရှာဖွေကုသပေးခဲ့ကြောင်း သိရသည်။ **(၆၈၄)**

# စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုခရိုင်တွင် သီးနှံဖျက်ပိုးကာကွယ်ရေး ပညာပေးဟောပြော

**ရေး၊ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် မိုးစပါးစိုက်ကျေးရွာအချို့ သီးနှံဖျက်ပိုး ကျရောက်လျက် ရှိသောကြောင့် သီးနှံဖျက်ပိုး (ဖြုတ်ညို) ကျရောက်သည့် သံသည်ကျေးရွာအုပ်စု ကျောက်စာကုန်းကျေးရွာ၊ မုတ်စီကျေးရွာများသို့ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက သီးနှံကာကွယ်ရေးဌာန (ရန်ကုန်) အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းရွှေနှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

